မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၅၈)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၆ရက် မွန်းလွဲပိုင်းတွင်

စာမျက်နှာ ၃ ကော်လံ ၁ ●

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ် အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ။

မိမိကိုယ်တိုင်လည်း အနိုင်မယူ၊

သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ။

ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန် အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)



ပြည်သူများအတွက် စက်မှု(၂) ရေစုပ်စက်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့်(မြန်မာ့အလင်း)

အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်သော ရေစုပ်ပန့်များကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၇

အပြာရောင်ဆေးသုတ်ထားသည့် အင်ဂျင်၊ အင်ဂျင်နှင့် တွဲဖက်ထားသည့် ရေစုပ်ပန့်၊ အလွယ်တကူရွှေ့ပြောင်းသယ်မနိုင်သော သစ်သားလက်ကိုင်များနှင့် သပ်ရပ်လှပနေသည့် ပစ္စည်းကိရိယာကို အနီးကပ်လေ့လာကြည့်လိုက်သည့်အခါ KND5-B ရေစုပ်စက်အမျိုးအစား ဖြစ်နေသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်မြို့ တစ်ဖက်ကမ်း ဆင်တဲရွာအနီးရှိ အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ၏ တပ်ဆင်ရေးအလုပ်ရုံ (၁)အတွင်း စီတန်းညီညာစွာထားရှိသည့် ရေစုပ်စက်များကို အများအပြား တွေ့ရသည်။ အင်ဂျင်များကို အလိုအလျောက် စက်ကိရိယာများဖြင့် တပ်ဆင်နေသလို ဝန်ထမ်းများက စနစ်တကျ ကျွမ်းကျင်စွာ ကိုင်တွယ်တပ်ဆင်နေသည်ကိုလည်း မြင်တွေ့ရသည်။

အရည်အသွေးမြင့်

အင်ဂျင်အမည်ကို ဖတ်ကြည့်လိုက်ရာ ကူဘိုတာဟု အမည်တပ်ထားသည်။ အင်ဂျင်တွင်ပါရှိသည့် စက်ပစ္စည်း အစိတ်အပိုင်း

စာမျက်နှာ ၈ ကော်လံ ၁ ✳

အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ဆင်တဲ)မှ ထုတ်လုပ်သော ကူဘိုတာရေစုပ်စက်များကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)



နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် စက်တင်ဘာ ၂၈ ရက်)

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလမ်းပန်းဆက်သွယ်မှုတိုးမြှင့်ဖော်ဆောင်

မကွေးတိုင်း ကံမမြို့နယ် ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း) သရက်-နတ်မီးတောက်-ကံမလမ်းအပိုင်း မိုင်တိုင်အမှတ်(၂၀/၀)ရှိ မင်းတုန်းချောင်းတံတား(ရေနံ့သာ) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၆ရက်နေ့က ယင်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်ရာတွင် ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်မှုကဏ္ဍသည်လည်း အဓိကကဏ္ဍမှ ပါဝင်သည်။

ယခုဖွင့်လှစ်သည့်တံတားကြီး မတည်ဆောက်မီ ကျေးလက်ဒေသနေပြည်သူများ၏ စီးပွားရေး၊ လူမှုရေးများဆောင်ရွက်ရာတွင် ခရီးကြန့်ကြာမှုဖြစ်ခဲ့ရပြီး ကုန်စည်များသယ်ယူပို့ဆောင်ရာ၌ အခက်အခဲများ ရှိခဲ့သည်။

မင်းတုန်းချောင်းတံတား(ရေနံ့သာ)ကို ဖွင့်လှစ်လိုက်ခြင်းဖြင့် နိုင်ငံတော်၏အကျိုးစီးပွားနှင့်ဆက်စပ်ပြီး ဒေသ၏အကျိုးစီးပွားကိုပါ အထောက်အကူပြုမည်ဖြစ်ရာ သရက်ခရိုင်အတွင်းနှင့် မကွေးတိုင်းအတွင်းရှိ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလုပ်ငန်းများ၊ ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောပို့ဆောင်ခြင်းများကို ကုန်ကျစရိတ်သက်သာလွယ်ကူစွာဖြင့် ကူးသန်းရောင်းဝယ်နိုင်တော့မည်ဖြစ်သည်။ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် အချိန်တိုအတွင်း ခရီးပေါက်ပြီး အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်သည်။

မင်းတုန်းချောင်းတံတား(ရေနံ့သာ)ကို အသုံးပြု၍ ရခိုင်ပြည်နယ်မှထွက်ရှိသည့် ရေသယံဇာတနှင့် ဆန်စပါးကို စစ်တွေ-အမ်း-မင်းဘူး-မကွေးလမ်းမှတစ်ဆင့် မကွေး-မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းမှ ရှမ်းပြည်နယ်သို့လည်းကောင်း၊ ဧရာဝတီတိုင်းမှထွက်ရှိသည့် ရေထွက်ပစ္စည်းနှင့် ဆန်စပါးကို ပုသိမ်-မုံရွာလမ်းမှ ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့သို့လည်းကောင်း၊ မုံရွာ-ရွှေဘို-မြစ်ကြီးနားလမ်းမှ ကချင်ပြည်နယ်သို့လည်းကောင်း၊ မြန်မာနိုင်ငံအရှေ့မှ အနောက်၊ တောင်၊ မြောက် လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းများမှ ဒေသအသီးသီးသို့ ထွက်ကုန်များ အချိန်တိုအတွင်း ပို့ဆောင်နိုင်တော့မည်ဖြစ်သည်။

၁၉၈၈ခုနှစ်နောက်ပိုင်း ယခုဖွင့်လှစ်ခဲ့သည့် မင်းတုန်းချောင်းတံတား(ရေနံ့သာ)အပါအဝင် ပေ ၁၈၀နှင့်အထက်တံတားကြီး အစင်း ၂၃၀မြောက်ဖြစ်၍ မကွေးတိုင်းအတွက် ၁၉စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားလည်းဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း လွယ်ကူစွာသွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးအတွက် တံတားများ တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ဒေသခံပြည်သူများက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ အခြေခံပြီး တက်ညီလက်ညီလက်တွဲကာ တံတားကြီး/ငယ်များ အရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် တာဝန်သိသိ စောင့်ရှောက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြိတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၇

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြိတ်မြို့ စပါးရွှေဝါလမ်း တိုးချဲ့ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

တာပေါင်ဖို့

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် ရာသီသီးနှံစိုက်ခင်း၊ ကလွင်ရပ်ကွက် မင်္ဂလာကန်တူးဖော်ခြင်း၊ ဒိုက်ဆယ်ယူခြင်းနှင့် တာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ ကမ်းနားပတ်လမ်း ကွန်ကရစ်စကြံများ ခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဆိပ်ကမ်းတွင် ခရီးသည်တင်စက်လှေများ ဆိုက်ကပ်ရပ်နားမှု အခြေအနေများကို ကြည့်ရှုကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တည်ဆောက်ပြီးစီးမှု

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြောင်ငယ်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

အထွက်ကောင်းစပါးမျိုး ဝတ်မှုန်ကူး(မျိုးကူး)ပွဲတော်
သီပေါမြို့နယ် စံဖိတ်ကျေးရွာအုပ်စုတွင် ကျင်းပ

သီပေါ စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စံဖိတ်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၃၈ တောင်သူဦးစောနိုင်၏ လယ်မြေတွင် စိုက်ပျိုးထားသော အထွက်ကောင်းစပါးမျိုး ဝတ်မှုန်ကူး(မျိုးကူး)ပွဲတော်ကို စက်တင်ဘာ၂၁ရက် နံနက်၁၀နာရီက အဆိုပါ လယ်ကွင်း၌ကျင်းပသည်။**(အောက်ပုံ)**

ဝတ်မှုန်ကူး

ရှေးဦးစွာမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြား၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်သန်းက စပ်မျိုးထုတ်လုပ်နည်း အဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ဝတ်မှုန်ကူး(မျိုးကူး) ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ကြသည်။

အသင့်ပြင်ဆင်

သီပေါမြို့နယ်တွင် ၂၀၀၉-၂၀၁၀ မိုးစပါးစိုက်ပျိုးရာသီ၌ လယ်စပါး ၂၁၀၃၇ ဧက၊ ယာစပါး ၁၀၉၅၈ ဧကနှင့် တောင်ယာစပါး ၁၄၄၆၇ ဧက အပါအဝင် စုစုပေါင်း မိုးစပါး ၄၆၄၆၂ ဧက စိုက်ပျိုးသည်။ လယ်စပါး ၂၁၀၃၇ ဧက အနက် ဆင်းရွှေလီအထွက်ကောင်းစပါးမျိုးကို ဧက ၁၈၈၀၀ စိုက်ပျိုးလျက်ရှိပြီး မိမိတို့မြို့နယ်မှ ထွက်ရှိသော မျိုးဖြင့် စိုက်ပျိုးနိုင်ရေးအတွက် စပ်မျိုးစပါး(F-1) များကို အသင့်ပြင်ဆင်ဆောင်ရွက်ထားပြီး ဖြစ်သည်။

ရိတ်သိမ်းနိုင်မည်

အဆိုပါ စံဖိတ်ကျေးရွာလယ်ကွင်းတွင် ပြုလုပ်သည့် အဖိုလိုင်း (R-838)နှင့် အဖိုမြို လိုင်း အမ(A-607)စပ်မျိုးများကို ဝတ်မှုန်ကူး(မျိုးကူး)ပေးခြင်းဖြစ်ပြီး မကြာမီကာလအတွင်း ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၀၂၀)

မြဝတီရုပ်မြင်သံကြား

၂၈-၉-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ မြန်မာစာ မြန်မာစကား
၄:၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၀ ၇။ စိုက်ပျိုးသုတ
၅:၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သွက်လက်လှုပ်ရှား ကစားစို့လား
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြိုးမြတ်သူတို့နှလုံးသား** အပိုင်း(၉၄)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ)(အပိုင်း-၁၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **အပြစ်ကင်းအောင်နေ**တရားတော် (ဆရာတော် ထီလာအရှင်သုန္ဒရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများ ဆုံစည်းရာ** (အပိုင်း-၁၉)
၈:၃၀ Sports World (Southern Myanmar Vs Zeyar Shwe Myay)
၈:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၂၀ စားချင်စဖွယ်နည်းအသွယ်သွယ် (Black Forest Cake)
၉:၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၂၅ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၁၀:၄၀ International Show Biz
၁၁:၀၀ ကမ္ဘာ့နှလုံးများနေ့ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာတင်လတ်)
၁၁:၃၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ဆွဲကြိုးပြုလုပ်နည်း)
၁၁:၄၅ Electronic & Living 09
၁၂:၀၅ စာအုပ်ပြခန်း (Face Media Group ၏ မဂ္ဂဇင်းများ)
၁၂:၄၀ နူးညံ့လှပ နန်းကြာညိုကြော့ ယိမ်းအက
၁:၀၀ **အပြစ်ကင်းအောင်နေ**တရားတော် (ဆရာတော် ထီလာအရှင်သုန္ဒရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ မက်မဆုံးတဲ့ ပြက်လုံးများ (အောင်သော်၊ မျောက်ရှုံး၊ စံလင်း၊ ကြာစိ)
၃:၁၅ မြေကြီးမှရွှေသီးဖို့ စက်မှုလယ်ယာကူးပြောင်းစို့
၃:၄၀ **အသက်ကလေးရယ်တဲ့ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ ၄က်ပျော ကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၃:၅၅ ကျန်းမာရေးနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်
၄:၀၅ အလင်းဖြင့်ဆေးခြယ်သူ
၄:၂၅ တေးဂီတအစီအစဉ်
၄:၄၅ မြတ်နိဗ္ဗာန်သို့သွားရာ … အေးချမ်းသာယာ စန္ဒကူးမြိုင်ရိပ်သာ
၅:၁၅ Electronic & Living 09
၅:၄၀ ကျန်းမာပျော်ရွှင်လှစေချင် (အမျိုးသမီးများအတွက် ကိုယ်ကာယအလှ)
၆:၀၀ MRTV-4 သတင်း
၆:၂၀ International Show Biz
၆:၄၀ အနုပညာမိုးကောင်းကင်
၇:၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ဆွဲကြိုးပြုလုပ်နည်း)
၇:၂၀ စားချင်စဖွယ်နည်းအသွယ်သွယ် (Black Forest Cake)
၇:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၀၀ MRTV-4 သတင်း
၈:၃၀ မက်မဆုံးတဲ့ ပြက်လုံးများ (အောင်သော်၊ မျောက်ရှုံး၊ စံလင်း၊ ကြာစိ)
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများ ဆုံစည်းရာ** (အပိုင်း-၁၉)
၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅ ပိတုန်းရောင်ကေသာဦးအတွက်…
၁၁:၅၅ The Golden Triangle: Past the Present
၁၂:၃၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (လိမ္မော်ဂျယ်လီမစ်ရှိတ်ကျောက်ကျော၊ နို့သစ်ခွကျောက်ကျော)
၁၂:၄၅ စာအုပ်ပြခန်း(Face Media Group ၏ မဂ္ဂဇင်းများ)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Man City-West Ham	ESPN (Live)

ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်စွမ်းအား ဝယ်ယူမှုဆိုင်ရာ

သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုး လဲလှယ်

နေပြည်တော် စက်တင်ဘာ ၂၇

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Shweli(1) Hydropower Co.,Ltd. တို့အကြား စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ရက် ည ၇နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် Shweli (1) Hydropower Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာချုပ်ချုပ်ဆိုပွဲတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး Shweli (1) Hydropower Co., Ltd. မှ Managing Director Mr. Ma Lipeng က ကျေးဇူးတင်စကား ပြောကြားသည်။

လက်မှတ်ရေးထိုးလဲလှယ်

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်နှင့် Shweli(1) Hydropower Co., Ltd. မှ Managing Director Mr. Ma Lipeng တို့က ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်စွမ်းအား ဝယ်ယူမှုဆိုင်ရာ သဘောတူညီချက်စာချုပ် (Power Purchase Agreement) ကို လက်မှတ်ရေးထိုး လဲလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရွှေတောင်မြို့နယ်အတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ပြည်ရေနံမြေနှင့် တီတွတ် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေး ပိုက်လိုင်းစခန်းသို့ ဆက်သွယ်သော ၁၂လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး

၁၂လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့်အတူ စက်တင်ဘာ ၂၆ရက် မွန်းလွဲပိုင်းတွင် ပြည်မြို့နယ် ပေါင်းတလည်မြို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ပေးအပ်

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်နှင့် စေတနာရှင်ပြည်သူများက မြွေဆိပ်ဖြေဆေးအပါအဝင် ဆေးမျိုးစုံနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ ပေါက်ခေါင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

အစားထိုးလဲလှယ်

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ်အတွင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ပြည်ရေနံမြေနှင့် တီတွတ်သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရေးပိုက်လိုင်းစခန်းသို့ ဆက်သွယ်သော ၁၂လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

မူဆယ်ခရိုင် မုံးကိုးမြို့ ဖောင်းဆိုင်ကျေးရွာရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် ထုတ်လွှင့်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ပြီး ပညာရေးဆိုင်ရာများကို မှာကြားကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် မုံးကိုးမြို့သို့ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မုံးကိုးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြား၍ အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် လမ်းဘေး ဝဲယာ တစ်လျှောက်စိုက်ပျိုးထားရှိသော မိုးစပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ကြူကုတ်-ဝမ်တိန် တံတားသို့ရောက်ရှိ၍ တံတားကြွခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ်လုပ်ငန်းဆိုင်ရာ ဒီပလိုမာ အောင်မြင်ပြီးမြောက်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ဘဏ်များအသင်းက ဦးစီးဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်း (မန္တလေး)၏ Diploma in Banking အမှတ်စဉ်(၁) အောင်မြင်စွာပြီးမြောက်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၅ရက်တွင် မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်း (မန္တလေး)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဝါရင့်ဘဏ်ပညာရှင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ကြိုးပမ်းအားထုတ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ဘဏ်လုပ်ငန်းကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် အရေးပါသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုသင်တန်းသည် ဒီပလိုမာ ပေးအပ်ချီးမြှင့်ပေးသော အရေးပါသည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းတွင် လေ့လာသင်ကြားခဲ့ကြသော ပညာဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်၌ အကျိုးရှိစွာ ပေါင်းစပ်အသုံးပြုနိုင်ရန် ဆက်လက်ကြိုးပမ်း အားထုတ်ကြရမည် ဖြစ်ကြောင်း၊ ဆောင်ရွက်ရင်း လေ့လာ၊ လေ့လာရင်း ဆောင်ရွက်ဟူသည့် ပညာဗဟုသုတဆည်းပူးလေ့လာရာတွင် အရေးကြီးသော ဆောင်ပုဒ်တစ်ခုအတိုင်း သက်ဆိုင်ရာ ဘဏ်လုပ်ငန်းကဏ္ဍနှင့် ငွေရေးကြေးရေး ကဏ္ဍတို့ရှိ အဆင့်မြင့်ပညာများကို ဆက်လက် ဆည်းပူးသွားနိုင်ရေး ကြိုးပမ်း အားထုတ်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြား သည်။

လေ့လာဆည်းပူး

အဆိုပါ Diploma in Banking အမှတ်စဉ်(၁)တွင် နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား သင်တန်းသူ ၂၄ဦးနှင့် ပြင်ပသင်တန်းသား ၁၂ဦး စုစုပေါင်း ၃၆ဦးတို့သည် တစ်နှစ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာများ စသည်တို့ကို လေ့လာဆည်းပူးခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

တိုင်းစည်ပင်ညွှန်မှူး ကွန်ကရစ်တံတား ကွင်းဆင်းစစ်ဆေး

သံတောင်ကြီး စက်တင်ဘာ ၂၇

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော အမှတ်(၃) ရပ်ကွက် လိပ်သိုလမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်ထားရှိမှုကို စက်တင်ဘာ ၁၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

■ *ကျောဖုံးမှ*

လျော့ကျ

ပြောင်းဖူး စားသုံးပေးခြင်းဖြင့် နှလုံးသွေးကြောများ သန့်မာစေပြီး နှလုံးသွေးစီးဆင်းမှုကို အထောက်အကူပြုစေကြောင်း၊ တစ်ဖန် အူမကြီး ကင်ဆာ ဖြစ်ပွားမှုကိုလည်း လျော့ကျ ကာကွယ်နိုင်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကာကွယ်ပေးနိုင်

ထို့ကြောင့် ပြောင်းဖူးစားသုံးခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည့်အပြင် အချို့ကင်ဆာရောဂါ ဖြစ်ပွားမှုများကိုလည်း လျော့ကျစေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ ။

ရှောင်တခင်စစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန သာယာဝတီခရိုင် ဦးစီးမှူး ဦးဌေးဝင်း၊ သာယာဝတီခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မြင့်-၁နှင့်အဖွဲ့ စက်တင်ဘာ ၁၉ရက်က ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်စေရေးအတွက် ကြို့ပင်ကောက်မြို့နယ် ရန်ကုန်-ပြည်လမ်းမပေါ်၌ ရှောင်တခင်စစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ဆေးတက္ကသိုလ်(၂)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

ဆေးတက္ကသိုလ်(၂) ကျောင်းသားဟောင်းများ (၁၉၈၅၊ ၈၆၊ ၈၇၊ ၉၁ခုနှစ် ပထမအမ်ဘီဝင် ကျောင်းသား ကျောင်းသူများ)၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ၁၉၉၁ခုနှစ် ပထမအမ်ဘီဝင်ကျောင်းသား ကျောင်းသူများအနေဖြင့် ဒေါက်တာမောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉၊ ဒေါက်တာမြင့်မြတ်ထွန်း ဖုန်း-၀၉-၅၀-၂၁၇၁၈၊ ဒေါက်တာနန်းအိခင် ဖုန်း-၀၉-၈၀-၃၂၀၁၁၊ ဒေါက်တာသန့်ဇင်နိုင် ဖုန်း-၀၉-၅၁-၇၅၂၇၉၊ ဒေါက်တာမြတ်မြတ်နှင်း ဖုန်း-၀၉-၅၁-၁၉၇၇၆၊ ဒေါက်တာနေလွင် ဖုန်း-၀၉-၅၀-၂၄၂၀၈၊ ဒေါက်တာဉာဏ်ကိုး ဖုန်း-၀၉-၅၁-၃၁၀၆၄၊ ဒေါက်တာသီသီသိန်း ဖုန်း-၀၉-၅၁-၂၃၂၅၅၊ ဒေါက်တာနီနီစံ ဖုန်း-၀၉-၅၁-၉၁၄၅၁၊ ဒေါက်တာမြင့်သိန်း ဖုန်း-၀၉-၅၀-၀၄၄၆၂၊ ဒေါက်တာနှင်းလွဲလွဲငြိမ်း ဖုန်း-၀၉-၅၁-၁၆၇၆၁၊ ဒေါက်တာထားကြည်ဆန်း ဖုန်း-၀၉-၅၁-၉၉၇၈၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည့်အပြင် ကမ္ဘောဇဘဏ် မြေနီကုန်းဘဏ်ခွဲ ငွေစာရင်းအမှတ်-၀၂၉၁၂၂၀၀၀၃၀၃၄သို့ တိုက်ရိုက်ထည့်ဝင်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၈ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၃၄)မှုတွင် ရောင်းချသူ ၃၅ဦးအား အနည်းဆုံး ထောင်ဒဏ် (၂)နှစ်မှ အများဆုံး ထောင်ဒဏ်(၃)နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၉ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ဗြောက်အိုး၊မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။



တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်နင်းမြို့၌ ဖွင့်လှစ်သည့် လေကြောင်းနည်းပညာဆိုင်ရာပြတိုက်တွင် လာရောက် လေ့လာကြည့်ရှုနေသူများအား စက်တင်ဘာ ၂၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်၏စစ်ဗျူဟာအသုံးပြုမှု လွဲမှားသည့်စစ်ဆင်ရေးဖြစ်ကြောင်း ထိပ်တန်းအရာရှိတစ်ဦးပြောကြား

ဝါရှင်တန် စက်တင်ဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန် စစ်ဗျူဟာအသုံးပြုမှုသည် လွဲမှားသည့်စစ်ဆင်ရေးဖြစ်၍ ၎င်းနိုင်ငံ၏ စစ်အင်အား ထိခိုက်စေကြောင်း အမေရိကန်ထိပ်တန်းအရာရှိတစ်ဦးက စီဘီအက်စ်နယူးအေဂျင်စီ၌ ပြောကြားသည်။

ဝင်ရောက်ကျူးကျော်

၂၀၀၁ခုနှစ်ကတည်းက အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များ ဝင်ရောက်ကျူးကျော်ရာ ၎င်းနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေ၊ အကြမ်းဖက်ရာဒေသပျံ့နှံ့မှုများကြောင့် အာဖဂန်အရပ်သား ထောင်ပေါင်းများစွာ သေဆုံးခဲ့ပြီဖြစ်သည်။

တွေ့ဆုံမေးမြန်း

အာဖဂန်နစ္စတန်၌ အမေရိကန်နှင့်နေတိုးတပ်ဖွဲ့ဝင် တစ်သိန်းကျော် တပ်ဖြန့်ချထားသည့်ကြားမှပင် အကြမ်းဖက်မှုများသည် အမြင့်ဆုံးအဆင့်ရောက်ရှိနေကြောင်း မျက်မြင်တွေ့ရှိချက်အရ စီဘီအက်စ်သတင်းဌာန၏ တွေ့ဆုံမေးမြန်းခန်းတွင် အမေရိကန်ထိပ်တန်းအရာရှိက ပြောကြားသည်။

ပြောကြား

၎င်းနိုင်ငံ၌ အကြမ်းဖက်မှု အပြီးသတ်နှိမ်နင်းရေးအတွက် ငါးနှစ်တာစီမံကိန်းကာလအတွင်း နိုင်ငံစုံတပ်ဖွဲ့ဝင် ငါးသိန်းကျော်ထားရှိမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

တရုတ်လေယာဉ်ထုတ်လုပ်ရေး အဲဘတ်စ်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

ပေကျင်း စက်တင်ဘာ ၂၇

အဲဘတ်စ်လေယာဉ်ကုမ္ပဏီသည် တရုတ်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကို လေးလေးနက်နက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဲဘတ်စ်ချိုင်းနားကုမ္ပဏီဥက္ကဋ္ဌ လူးရန့်စ်ဘာရွန်က စက်တင်ဘာ ၂၆ရက်တွင် ပြောကြားသည်။

ပူးပေါင်းလုပ်ဆောင်

အနာဂတ်ကာလများ၌ လေယာဉ်တည်ဆောက်ရေး၊ ကုန်ကြမ်းပစ္စည်းများနှင့် လေယာဉ်အပိုပစ္စည်းများ ဝယ်ယူခြင်းအပါအဝင် များပြားလှသော လေကြောင်းကဏ္ဍများတွင် တရုတ်လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် အဲဘတ်စ်တို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပေကျင်းအပြည်ပြည်ဆိုင်ရာ လေကြောင်းပြပွဲအပြီး၌ လူးရန့်စ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထပ်လောင်းပြောကြား

အဲဘတ်စ်နှင့်တရုတ်လေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှာ ၂၀၁၀ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀မှ ၂၀၁၅ ခုနှစ်၌ အမေရိကန်ဒေါ်လာသန်း ၄၅၀သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း လူးရန့်စ်က ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

ကားထုတ်လုပ်ရေးလုပ်ငန်းခွင်

ရုရှားနိုင်ငံ တောစ်လီယာတီမြို့ရှိ အကြီးမားဆုံးသော နီဆန်းမော်တော်ကားထုတ်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၂၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အာဖရိကနိုင်ငံများ၌ တရုတ်ကုန်သွယ်မှုကဏ္ဍ အင်ဂိုလာအကြီးမားဆုံးဖြစ်

လူအန်ဒါ စက်တင်ဘာ ၂၇

အာဖရိကနိုင်ငံများ၌ တရုတ်နိုင်ငံနှင့် အကြီးမားဆုံးသော ကုန်သွယ်မှုမိတ်ဖက်နိုင်ငံသည် အင်ဂိုလာနိုင်ငံဖြစ်လာကြောင်း၊ ယခင်နှစ်အတွင်း ၎င်းနှစ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၂၅ ဒသမ၃ဘီလီယံသို့ ရောက်ရှိကြောင်း ယင်းနိုင်ငံရှိ တရုတ်သံအမတ်ကြီးက စက်တင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

မြင့်တက်

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများနှင့် ရင်ဆိုင်နေရချိန်တွင် တရုတ်နှင့် အင်ဂိုလာနှစ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍသည် စီးပွားရေးစိန်ခေါ်မှုတစ်ရပ်အနေဖြင့် မြင့်တက်လျက်ရှိပြီး လွန်ခဲ့သည့်နှစ်အနည်းငယ်ကပင် ထူးခြားစွာကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ခဲ့ကြောင်း စာရင်းမှတ်တမ်းများ၌ ဖော်ပြသည်။

ပူးပေါင်းဆောင်ရွက်

လာမည့်နှစ်အတွင်း အင်ဂိုလာနိုင်ငံ၌ တရုတ်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လုပ်ဆောင်မည်ကို ကြိုဆိုလိုက်ပြီး ကဏ္ဍစုံဖြစ်သည့် စိုက်ပျိုးရေး၊ စားသောက်ကုန်ကဏ္ဍ၊ သစ်လုပ်ငန်းနှင့် သတင်းပြန်ကြားရေးနည်းပညာတို့ကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ***(အင်တာနက်)***

လမျက်နှာပြင်ပေါ်၌ ရေရှိသည့်အထောက်အထား အမေရိကန်သိပ္ပံပညာရှင်များလေ့လာတွေ့ရှိ

ဝါရှင်တန် စက်တင်ဘာ ၂၇

လမျက်နှာပြင်ပေါ်၌ ရေမော်လီကျူးများရှိသည့် သက်သေအထောက်အထားများ တွေ့ရှိကြောင်း အမေရိကန်နိုင်ငံ ဘရောင်းတက္ကသိုလ်နှင့် အခြားသော သုတေသနအဖွဲ့အစည်းများမှ သိပ္ပံပညာရှင်များက စက်တင်ဘာ ၂၅ရက်တွင် ကြေညာသည်။ ယင်းလေ့လာတွေ့ရှိချက်များကို သိပ္ပံဂျာနယ်၌ စက်တင်ဘာ ၂၆ရက်တွင် ဖော်ပြသည်။

ပြောကြား

မိမိတို့နေအဖြင့် ယင်းလေ့လာတွေ့ရှိမှုသည် အလွန်အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဘရောင်းတက္ကသိုလ်မှ ဘူမိသိပ္ပံပါမောက္ခပီတာက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်မြောက်ပိုင်း၌ တိုက်ပွဲများဆက်လက်ဖြစ်ပွား

ကဘူးလ် စက်တင်ဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကူဒက်ဇ်ပြည်နယ် အာချီဒေသတွင် စက်တင်ဘာ ၂၆ရက် နံနက်ပိုင်းက ဖြစ်ပွားသည့်တိုက်ပွဲ၌ တာလီဘန်စစ်သွေးကြွ ၁၈ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါ ဖြစ်ပွားမှုသည် ၎င်းပြည်နယ်ရှိ နေတိုးတပ်ဖွဲ့အခြေစိုက်စခန်းနှင့် အစိုးရရုံးစိုက်ရာ အဆောက်အအုံကို ပစ်မှတ်ထားတိုက်ခိုက်ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

ထိုနေ့၌ပင် အာဖဂန်အရှေ့ပိုင်းရှိ ကူနာပြည်နယ် ဝါတာပူရာဒေသ၌ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားလေးဦးသေဆုံးပြီး သုံးဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ ယင်းပစ်ခတ်မှုသည် တာလီဘန်စစ်သွေးကြွများ၏ လက်ချက်မဟုတ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ယူတားပြည်နယ် ဗာနယ်မြို့ရှိ ကျောက်ဖြစ်ရုပ်ကြွင်း ပြတိုက်တစ်ခုအတွင်း တစ်နေရာကို စက်တင်ဘာ ၂၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်ပက်ရှ်ဝါမြို့ ကားဗုံးပေါက်ကွဲ ခြောက်ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့၌ ကားဗုံးပေါက်ကွဲမှုတစ်ရပ် စက်တင်ဘာ ၂၆ရက်က ဖြစ်ပွားခဲ့ရာ ခြောက်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ဖြစ်ပွား

ပက်ရှ်ဝါမြို့ ဆက်ဒါဒေသ စစ်ဘက်ဆိုင်ရာ ဘဏ်အနီးရှိ ကားရပ်နားရာနေရာ၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ခြောက်ဦးသေဆုံးပြီး ၄၀ကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ကားဗုံးပေါက်ကွဲမှုကြောင့် အနီးရှိကားများနှင့် အဆောက်အအုံများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

A(H1N1) ရောဂါဖြင့်သေဆုံးသူ ကမ္ဘာပေါ်၌ ၃၉၀၀ကျော်ရှိ

ဂျီနီဗာ စက်တင်ဘာ ၂၇

ကမ္ဘာ့တစ်ဝန်း ဧပြီလ၌ A(H1N1) တုပ်ကွေးရောဂါ စတင်ဖြစ်ပွားပြီးနောက် ထိုရောဂါဖြင့် ယခုအထိ သေဆုံးသူစုစုပေါင်း ၃၉၁၇ဦးရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က စက်တင်ဘာ ၂၅ရက်တွင် ကြေညာလိုက်သည်။

သေဆုံးသူများတွင် အမေရိကန်ပြည်ထောင်စုမှ ၂၉၄၈ ဦး၊ အနောက်ပစိဖိတ် ဒေသမှ၃၆၂ ဦး၊ အရှေ့တောင်အာရှမှ ၃၄၀၊ ဥရောပမှ ၁၅၄ဦး၊ အရှေ့မြေထဲပင်လယ် ဒေသမှ၇၂ ဦးနှင့် အာဖရိကမှ ၄၁ဦး အသီးသီးဖြစ်ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်မြောက်ပိုင်းရှိ ခဲယမ်းသိုလှောင်ရုံ ပေါက်ကွဲ၍ တပ်ဖွဲ့ဝင် ၁၅ဦးသေဆုံး

မိုဆူးလ် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံမြောက်ပိုင်းတွင် စက်တင်ဘာ ၂၅ရက်က လက်နက်ခဲယမ်းမီးကျောက်သိုလှောင်ရုံ မတော်တဆ ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

ပေါက်ကွဲ

ယင်းဖြစ်ပွားမှုသည် ဘဂ္ဂဒက်မြောက်ပိုင်းကီလိုမီတာ ၄၀၀ခန့်အကွာ မိုဆူးလ်မြို့မြောက်ဘက် ၁၅ကီလိုမီတာခန့်ရှိ ဘာရီကာမြို့တွင် ပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ အင်အားပြင်းသည့် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

အီရန် ပြည်တွင်းလုပ် တာဝေးပစ်ဒုံးကျည် စမ်းသပ်

အီရန်နိုင်ငံက တာဝေးပစ်ဒုံးကျည်တစ်စင်းကို စက်တင်ဘာ ၂၈ရက် (ယနေ့)၌ စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း၊ ယင်းတာဝေးပစ်ဒုံးကျည်သည် ပြည်တွင်းလုပ်ဒုံးကျည်ဖြစ်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

အာဖရိက-တောင်အမေရိက ထိပ်သီးအစည်းအဝေး ဗင်နီဇွဲလားနိုင်ငံ ပေါလာမာမြို့တွင် ကျင်းပ

ဒုတိယအကြိမ်မြောက် အာဖရိက-တောင်အမေရိက ထိပ်သီးအစည်းအဝေးကို ဗင်နီဇွဲလားနိုင်ငံ အနောက်မြောက်ပိုင်း ပေါလာမာမြို့တွင် စက်တင်ဘာ ၂၇ရက်၌ စတင်ကျင်းပကြောင်း၊ အာဖရိကနှင့် တောင်အမေရိကနိုင်ငံပေါင်း ၂၀မှ ခေါင်းဆောင်များ တက်ရောက်ကြကြောင်း သတင်းထုတ်ပြန်သည်။

နျူကလီးယားအစီအစဉ် ယူအေအီး စတင်မည်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံက ငြိမ်းချမ်းစွာနျူကလီးယား အသုံးပြုရန်အတွက် နျူကလီးယားအစီအစဉ်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယူအေအီးနိုင်ငံခြားရေးဝန်ကြီး ရှိတ်အဗ္ဗဒူလာဘင်ဇာယတ်အယ်နာယန်က စက်တင်ဘာ ၂၇ရက်၌ ပြောကြားသည်။

ဂါဇာမြို့နှင့် အီဂျစ်နယ်စပ် ဆက်သွယ်ထားသည့် ဥမင်လိုဏ်ခေါင်းပြိုကျ ကိုးဦးသေဆုံး

ပါလက်စတိုင်း ဂါဇာမြို့နှင့် အီဂျစ်နိုင်ငံ နယ်စပ်ကို ဆက်သွယ်ဖောက်လုပ်ထားသော မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခု စက်တင်ဘာ ၂၇ရက်က ပြိုကျခဲ့ရာ သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် တောင်ကိုရီးယားသို့ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်မည်

ဂျပန်ဝန်ကြီးချုပ် ယူအီအိုကာဟာတိုယာမာသည် တောင်ကိုရီးယားနိုင်ငံသို့ လာမည့်အောက်တိုဘာ ၉ရက်၌ အလည်အပတ်သွားရောက်ရန် စီစဉ်ထားကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ စက်တင်ဘာ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

မက္ကဆီကိုပင်လယ်ကွေ့သို့ မုန်တိုင်းဦးတည်

မက္ကဆီကိုနိုင်ငံကမ်းလွန် မက္ကဆီကိုပင်လယ်ကွေ့သို့ ဦးတည်ကာ မုန်တိုင်းငယ်တစ်ခုရွေ့လျားလျက်ရှိကြောင်း၊ ယင်းမုန်တိုင်းသည် လာမည့် ၄၈နာရီအတွင်း မက္ကဆီကိုပင်လယ်ကွေ့ရှိ ကမ်းလွန်ရေနံလုပ်ငန်းများသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနက စက်တင်ဘာ ၂၇ရက်၌ သတင်းထုတ်ပြန်ထားသည်။

ဂျပန်အရှေ့မြောက်ပိုင်းကမ်းလွန်၌ ငလျင်လှုပ်

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းကမ်းလွန်တွင် စက်တင်ဘာ ၂၇ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၁ရှိ ငလျင်လှုပ်သွားကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ လေယာဉ်ပျက်ကျ၍ တစ်ဦးသေဆုံး

တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့တွင် စက်တင်ဘာ ၂၇ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)** ***(အင်တာနက်)***

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်မည့်နေရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့သည် နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တစိုက်မတ်မတ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တွံတေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုကို ရယူလျက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ်သိန်း၄၉၀ ကုန်ကျခံကာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပဒန်ရေကျော်-ခတ္တိယ ကျေးရွာချင်းဆက် မြေသားလမ်းအရှည် ခုနစ်မိုင် ဆောင်ရွက်မည့် လမ်းအူကြောင်း နေရာသို့ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးသည် စက်တင်ဘာ ၂၄ရက်တွင် သွားရောက်ရာ တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြလင်းက မြေပုံကားချပ်ဖြင့် လက်ရှိလမ်းအူကြောင်း အခြေအနေ၊ မြေသားတင်ရန် လိုအပ်ချက်၊ ရေမြောင်းတူး၍ လမ်းပုံဖော် အမာခံစက်ကြိတ်ခြင်းတို့ကို ရှင်းလင်းတင်ပြပြီး ပဒန်ရေကျော်မှ ခတ္တိယအထိ အရှည် ၁၃မိုင် သုံးဖာလုံကို ရောက်နိုင်သမျှ ဖောက်လုပ်ရေး စီမံဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

မြန်ဆန်သွက်လက်

ယင်းပဒန်ရေကျော်-ခတ္တိယ ကျေးရွာချင်းဆက်မြေသားလမ်း အမာခံလမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာပေါင်း၃၃ရွာရှိ ပြည်သူများသည် ရန်ကုန်-ကွမ်းခြံကုန်း-ဒေးဒရဲ လမ်းမကြီးမှတစ်ဆင့် မြို့ပေါ်သို့ သယ်ယူပို့ဆောင်သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၇-၉-၂၀၀၉

နေပြည်တော်	၀ ဒသမ ၂၃ လက်မ
ဥမြို့	၃ ဒသမ ၆၂ လက်မ
မာန်အောင်မြို့	၃ ဒသမ ၀၃ လက်မ
ကျောက်တော်	၂ ဒသမ ၅၆ လက်မ
သာယာဝတီ	၂ ဒသမ ၄၈ လက်မ
ဟသ်ာတ	၂ ဒသမ ၂၈ လက်မ
မှော်ဘီ	၂ ဒသမ ၂၁ လက်မ
ရေး၊ ကော့သောင်း	၂ ဒသမ ၀၉ လက်မ
မကွေး	၁ဒသမ ၉၂ လက်မ

ဓနုဖြူမြို့၌ တိုင်းရင်းဆေးကုဌာနခွဲ ဖွင့်လှစ်

ဓနုဖြူ စက်တင်ဘာ ၂၇

မအူပင်ခရိုင် ဓနုဖြူမြို့နယ် တမြာကျေးရွာ၌ စက်တင်ဘာ ၂၃ ရက်က တိုင်းရင်းဆေးကုဌာနခွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ကြည်ကြည်က ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်နှမ့်စမိုင်းလေက လုပ်ဆောင်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြခြင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးနှင်းကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်

ဆက်လက်၍ တိုင်းရင်းဆေးကုဌာနခွဲ ဖွင့်ပွဲကျင်းပရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်၊ ခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ကြည်ကြည်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးနှင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမဲ့

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဇီဝိတဒါန ဆေးဝါးကုသပေးခဲ့ရာ စုစုပေါင်း လူနာ ၁၅၀အား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မှတ်တိုင်များစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး(တောင်ကြီး)မှ ပြည်နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၈ရက်က ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ထောက်အင်ဂျင်နီယာ ဦးလှမြင့်၊ စစ်ဆေးရေးမှူး(၂)ဦးဇော်ကိုကိုဖေနှင့် ယာဉ်ထိန်းတာဝန်ခံဒုရဲမှူး တင်စိုးရှိန်၊ ရဲအုပ်တင်ဦးတို့ တောင်ကြီးမြို့တွင်း လူစည်ကားရာနေရာများတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ဘတ်စ်ကားမှတ်တိုင်များ ထားရှိမှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (ပြည်နယ် ကညန)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးပိုမိုလာနိုင်

ရန်ကုန် စက်တင်ဘာ ၂၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင်ဒေသအလိုက်နှင့် မကွေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၂၈ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များမှ အချို့မော်တော်ယာဉ်များသည် ယာဉ်နံပါတ်များ၌ ဖုန်များဖြင့် မှေးမှိန်လျက်ရှိခြင်း၊ ဆေးရောင်များ မှေးမှိန်နေခြင်း၊ ဆေးရောင်များ ပျက်ပြယ်နေခြင်းအပြင် သန့်ရှင်းရေးပြုလုပ်ထားမှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

ထိုသို့ မော်တော်ယာဉ်နံပါတ်များ၏ ဆေးရောင်မထင်ရှားကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာစစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ငွေးကုန်းဘူတာအနီးတွင် ကျောက်များ ထုတ်လုပ်နေမှုနှင့် ကျောက်များ စုပုံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၂၅ရက်တွင် ပခုက္ကူဘူတာမှ RBE အထူးရထားဖြင့်ထွက်ခွာ၍ ပခုက္ကူဘူတာနှင့် ထင်းတန်းလမ်းဘူတာကြား အရှည် ၂၈၅ပေရှိ ရွှေကျောင်းချောင်းတံတား တည်ဆောက်ပြီးစီးမှုနှင့် တံတားကြံ့ခိုင်မှုကိုလည်းကောင်း၊ ပခုက္ကူတက္ကသိုလ် ဘူတာတည်ဆောက်ပြီးစီးမှု၊ ကွန်ပျူတာတက္ကသိုလ်ဘူတာနှင့် ဘဲကြီးဘူတာအကြား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော အရှည် ၇၅၆ပေရှိ ချောင်းမကိုင်းတံတား တည်ဆောက်ပြီးစီးနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကွန်ပျူတာတက္ကသိုလ်နှင့် ဘဲကြီးဘူတာအကြား အရှည် ၁၇၁ပေရှိ နန်းတော်ရပ်တံတား တည်ဆောက်ပြီးစီးမှု၊ ကွန်ပျူတာတက္ကသိုလ်ဘူတာ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးအား ကွန်ကရစ်ဇလီဖားတုံးစက်ရုံ (ပခုက္ကူ) ရှင်းလင်းဆောင်၌ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပွင့်ဖြူ-ပခုက္ကူ လမ်းပိုင်းရှိ သံလမ်းခင်းခြင်းနှင့် တံတားများ တည်ဆောက်ပြီးစီးမှု၊ ဘူတာရုံများ တည်ဆောက်ပြီးစီးမှု၊ စက်ရုံတည်ဆောက်နေမှု အခြေအနေတို့ကို စီမံကိန်းအင်ဂျင်နီယာမှူး ဦးငွေအောင်နှင့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံ (ပခုက္ကူ) စက်ရုံမှူး ဦးကျော်မင်းလွင်တို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စက်ရုံတည်ဆောက်နေမှု၊ စက်ရုံတွင် တပ်ဆင်မည့် စက်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများ ရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၆ရက်တွင် ဘဲကြီးဘူတာ၌ သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်းနှင့် RGC သံလမ်းပြေးယာဉ်ဖြင့် ကျောက်များချနေမှု၊ ဘဲကြီးဘူတာနှင့် မြစ်ခြေဘူတာအကြား သံလမ်းခင်းခြင်းနှင့် ကျောက်ဖြည့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စံချိန်စံညွှန်း

ယင်းနောက် မြစ်ခြေကျေးရွာအနီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော အရှည်ပေ ၁၃၆၀ ရှိ ချောင်းမကြီးတံတား အမှတ်(၁)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၈) ခရိုင်အင်ဂျင်နီယာမှူး ဦးတင်စိုးက ရထားတံတား တည်ဆောက်နေမှုနှင့် တံတားကြမ်းခင်း ကွန်ကရစ်လောင်းခြင်း လုပ်ငန်းများကို လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် တည်ဆောက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် မြစ်ခြေဘူတာ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပခုက္ကူ- ကျွန်းချောင်း (မြစ်ခြေ)လမ်းပိုင်း ၂၇မိုင်ကို ၂၀၀၉ခုနှစ် နိုဝင်ဘာတွင် ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အစားထိုးလဲလှယ်

ထို့နောက် ပုဂံ-ကျောက်ပန်းတောင်း ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို စစ်ဆေးရန် RBE အထူးရထားဖြင့် ပုဂံဘူတာမှ ဆက်လက်ထွက်ခွာ၍ စုတည်ဘူတာနှင့် ငါ့မင်းမေးဘူတာအကြားတွင် ကျောက်ဖြည့်နေမှု၊ ကွန်ကရစ်ဇလီဖားများ အစားထိုးလဲလှယ်နေမှုတို့ကိုလည်းကောင်း၊ ငါ့မင်းမေးဘူတာ တည်ဆောက်မည့် မြေနေရာနှင့် ဆင်ခြေလျှောဖြေခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်တိုဘူတာနှင့် ပင်းချောင်းဘူတာအကြားတွင် ကျောက်ဖြည့်ခြင်းနှင့် ဇလီဖားများ လဲလှယ်နေမှု၊ ငွေးကုန်းဘူတာအနီးတွင် ကျောက်ခွဲစက်ဖြင့် သံလမ်းခင်းကျောက်များ ထုတ်လုပ်နေမှုနှင့် ကျောက်များ စုပုံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရွှေဘိုမြို့နယ် ချီပါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် သင်ထောက်ကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ (က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ တပ်မတော်(လေ)အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံတက္ကသိုလ်- ဆူးလေ အထူးမော်တော်ယာဉ်လိုင်းသစ်ဖွင့်

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ စီမံမှုဖြင့် ဒဂုံတက္ကသိုလ်-ဆူးလေ ခရီးစဉ် အမှတ်(၂၃၇) အထူးမော်တော်ယာဉ်လိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ရက် နံနက်၉နာရီက ဒဂုံတက္ကသိုလ် အမှတ်(၁)ကားဝင်း (၂၃၇) ယာဉ်လိုင်းသစ်ဂိတ်ရင်းရှေ့၌ကျင်းပရာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ယာဉ်လိုင်းဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ အမှတ် (၂၃၇)အထူးမော်တော်ယာဉ်လိုင်းသည် ဒဂုံတက္ကသိုလ်ဂိတ်ရင်းမှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်၊ တာမွေမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့သို့ ဖြတ်သန်းပြေးဆွဲ၍ ဆူးလေ(မဟာဗန္ဓုလပန်းခြံ)တွင် ဂိတ်ဆုံးမည်ဖြစ်ပြီး ဖြတ်သန်းပြေးဆွဲရာ ခရီးစဉ်တစ်လျှောက်ရှိ ကျောင်းသားကျောင်းသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယာဉ်လိုင်းသစ်ကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ခရီးစဉ် အစ၊ အဆုံး ပုံသေကျပ်၂၀၀ဖြင့် ပြေးဆွဲမည်ဖြစ်သည်။**(၁၂၁)**

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၂၅ရက်တွင် ဝက်လက်မြို့နယ် ရွှေကျင်ကျေးရွာ၌ လှတော၊ ရွှေကျင်နှင့် ရေထွက်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ရွှေကျင်ကျေးရွာ မူလတန်းကျောင်းအတွက် အလှူငွေများ၊ ကျေးရွာများအတွက် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များနှင့် စာအုပ်မျိုးစုံတို့ကိုလည်းကောင်း၊ ရုပ်ပျိုတိုင်းရင်းဆေးမှ ဒေါက်တာဦးဘိုကြီးက ရွှေကျင်ကျေးရွာနှင့် လှတောကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဝန်ကြီးသည် စက်တင်ဘာ ၂၆ရက်တွင် ရွှေဘိုမြို့နယ် ချီပါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျေးရွာအတွက် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များနှင့် ကျောင်းအတွက် သင်ထောက်ကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အရာတော်မြို့နယ် ငွေတွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ် အလှူရှင် ဦးခင်မောင်ဆွေနှင့်ဇနီး ဒေါ်ချိုချိုတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ငွေတွင်း၊ ဇရစ်နှင့် မြေနက် ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အားကစားပစ္စည်းများ၊ ဗလာစာအုပ်များနှင့် စာအုပ်မျိုးစုံတို့ကိုလည်းကောင်း၊ ငွေတွင်းကျေးရွာ ရေကျော်လမ်းပြုလုပ်ရန်အတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် ငွေတွင်းကျေးရွာမှ ဒေသခံပြည်သူများ အပိုဝင်ငွေအဖြစ် အိမ်တွင်းသိုးမွေးထည်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဖြူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် စက်တင်ဘာ ၁၉ရက်က ကျောက်ဖြူမြို့ အထွေထွေရောဂါကုဆေးရုံခန်းမ၌ကျင်းပသော ဆေးနှင့်ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးရုံသုံးခုတင်(၁၆)လုံးနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာ ခင်နှင်းဆက်ကလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးများသည် လူနာများအား ကြည့်ရှုအားပေးကြပြီး ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

တိုင်းမှူးနှင့်ဝန်ကြီးများသည် စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာ၌ ဂုံးချိန်၊ အုန်းတော၊ သိုင်းချောင်း၊ ကန်ဒီး၊ မင်းတက်တောင်၊ တောင်ရင်း၊ စေတီယျနှင့်ဝတ်ဆံကျေးရွာများမှ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြပြီး ကျေးရွာများအတွက် စားသောက်ကုန်များ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျေးရွာစာကြည့် တိုက်များအတွက် ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမ့်ခမ်းမြို့နယ် စားသုံးဆီဖူလုံရေး ဆီမုန်လာစိုက်ပျိုး

နမ့်ခမ်း စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် စားသုံးဆီဖူလုံရေးအတွက် ဆီမုန်လာစိုက်ပျိုးပွဲကို စက်တင်ဘာ ၂၃ရက် နံနက် ၉ နာရီက မန့်ဟောင်း ကျေးရွာအုပ်စု မန့်ဟောင်းရွာကွင်းအမှတ် (၁၁)၊ ဦးပိုင်အမှတ်(၅) တောင်သူ ဦးဆန် အိုက်ကျော်၊ ဦးပိုင်အမှတ်(၆) တောင်သူ ဦးအိုက်တီ၊ ဦးပိုင်အမှတ်(၇+၈) တောင်သူ ဦးထွန်းလှတို့၏ လယ် ၂၁သမ၅ ဧကတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဌာနဆိုင်ရာ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များ၊ ကျေးရွာဥက္ကဋ္ဌများနှင့် တောင်သူများ တက်ရောက်ကြသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဘသန်း (ဒုကြီးကြပ်ရေးမှူး)က ဆီမုန်လာစိုက်ပျိုးမှု နည်းစနစ်နှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးအကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခဲ့ကြသည်။ နမ့်ခမ်းမြို့နယ်တွင် ၂၀၀၉-၂၀၁၀ခုနှစ်၌ ဆီမုန်လာ ဧက ၃၀၀ကို စက်တင်ဘာလကုန်အပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက်က ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးက ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရောဝတီတိုင်း ပြန်/ဆက် လုပ်ငန်းညှိနှိုင်း

ပုသိမ် စက်တင်ဘာ ၂၇

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဧရာဝတီတိုင်းရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးငွေထွန်းက စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စာကြည့်တိုက်များအား သတ်မှတ်စံ(၅)ချက်နှင့်အညီ ဖြစ်ပေါ်ရေး၊ ဝန်ထမ်းများ၏ အရည်အသွေး၊ အရည်အချင်း တိုးတက်မြင့်မားရေးအတွက် လေ့ကျင့်ပျိုးထောင်မှုများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **(ဝဲပုံ)**

ဆွေးနွေးမှာကြား

ထို့နောက် ခရိုင်ဦးစီးအရာရှိများက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအား သတ်မှတ်စံ(၅)ချက်နှင့်အညီ ဖြစ်ပေါ်လာရေးဆောင်ရွက်နေမှု၊ နိုင်ငံတော်ခွင့်ပြုငွေဖြင့်ဆောက်လုပ်မည့် စာကြည့်တိုက်များအတွက် ဆောက်လုပ်နိုင်ရန် ဆောင်ရွက်နေမှု အခြေအနေနှင့် ဦးစီးဌာန၏ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဦးစီးမှူးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းကျန်းမာရေး လှုပ်ရှားမှု ရမည်းသင်းတွင် ဆောင်ရွက်

ရမည်းသင်း စက်တင်ဘာ ၂၇

ရမည်းသင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းပါဝင်မှုဖြင့် သြဂုတ် ၁၀ ရက်က ရမည်းသင်းမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းခွဲ၌ လည်းကောင်း၊ သြဂုတ် ၁၁ရက်က အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ၄၈၁ဦး၊ ကျောင်းသူ ၃၃၂ဦး စုစုပေါင်း ၈၁၃ဦးတို့အား ဗီတာမင်အေ၊ သံဓာတ်ဆေးပြား၊ သန်ချဆေး၊ အားဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်ခြင်း၊ အရပ်တိုင်းတာခြင်း၊ သွားကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်နေမှုကို ရမည်းသင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်လှဝေနှင့် အဖွဲ့ဝင်တို့က ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ ဆက်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီမှ အခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၀၉)ကို စက်တင်ဘာ ၂၁ရက်က စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ကျင်းပရာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးလွင်က မီးအန္တရာယ်တားဆီးငြိမ်းသတ်နိုင်ရန်နှင့် စွမ်းရည်ပြည့်ဝသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပေါ်ထွန်းလာရေးရည်ရွယ်၍ အခြေခံမီးသတ်သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ ဆက်)

ဒစ်ဂျစ်တယ်ကင်မရာအကြောင်း ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

Accel International Co.,Ltd.နှင့် Canon(Singapore Pte.,Ltd.)တို့မှ တင်သွင်းသည့် Canon Professional သုံး EOS Digital Camera အကြောင်း ရှင်းလင်းပွဲနှင့်လက်တွေ့သရုပ်ပြပွဲကို စက်တင်ဘာ ၂၄ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ အခမ်းအနားတွင် Accel International Co.,Ltd.မှ Managing Director Mr. Alvin Law က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Canon Singapore Pte., Ltd. မှ Senior Director & General Manager Mr. Issei Morimoto က အဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)

ထို့နောက် Canon ၏ နောက်ဆုံးပေါ် ခေတ်မီနည်းပညာများအကြောင်းကို Canon Singapore Pte., Ltd. မှ Senior Manager Mr. Roland Poon က ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ EOS Digital Camera များ၏ စွမ်းဆောင်ရည်နှင့် အားသာချက်များကို Canon Singapore Pte., Ltd. မှ Special Speaker Mr.Teoh Peng Kee က လက်တွေ့သရုပ်ပြ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဓာတ်ပုံပညာရှင်များ၊ ဧည့်သည်တော်များက လက်တွေ့ စိတ်ကြိုက်စမ်းသပ်ရိုက်ကူးကြသည်။

ဝယ်ယူနိုင်

Canon EOS ကင်မရာ ကိုင်ဆောင်သော ဓာတ်ပုံဝါသနာရှင်များနှင့်ဓာတ်ပုံပညာရှင်များအတွက် Canon Club Myanmar ကို အမှတ် ၄၂၂-၄၂၆ (၁၁)လွှာ သစ်တောဖက်စပ်ရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၀၂၁၁၀တွင် ဖွင့်လှစ်ထားရှိရာ ဝါသနာရှင်များနှင့် ပညာရှင်များ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖန်းမော် စက်တင်ဘာ ၂၇

ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများ လှူဒါန်း

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်မော်သည် ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်စမ်းသူဇာမြင့် လိုက်ပါ၍ စက်တင်ဘာ ၁၀ရက် နံနက် ၉ နာရီက ရွှေကူမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများ၊ ဆေးဝါးများနှင့်အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ ရွှေကူမြို့ မိခင်နှင့်ကလေး မူကြိုကျောင်းသို့သွားရောက်ပြီး မူကြိုကလေးငယ် ၄၇ဦးအား စားသောက်ဖွယ်ရာများနှင့် စာအုပ်၊ ခဲတံ ၁၀ ဒါဇင်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ညနေ ၇နာရီတွင် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်ရှိ စာသင်တိုက်သို့ရောက်ရှိပြီး အလှူငွေကျပ် ၁၅၀၀၀၀ကို ပေးအပ်လှူဒါန်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

✳ ရှေ့ဖုံးမှ

အများအပြားကို အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ၌ ထုတ်လုပ်ကာ တပ်ဆင်ထားခြင်းဖြစ်သည်။ တပ်ဆင်ထားသည့် ပစ္စည်းအစိတ်အပိုင်းများအလိုက် တစ်ခုချင်း အရည်အသွေး စစ်ဆေးမှုများကို စနစ်တကျ စစ်ဆေးနေကြသည်ကို တွေ့ရသည်။ အစိတ်အပိုင်း တစ်ခုချင်းအလိုက် အရည်အသွေး ကောင်းမွန်ပါမှ အင်ဂျင်၏စွမ်းအားလည်း အတိအကျ ထွက်ရှိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အရည်အသွေးမြင့်သောအင်ဂျင်ကို ရရှိမည်ဖြစ်သည်။

KND5-B အင်ဂျင်သည် မြင်းကောင်ရေငါးကောင်အားရှိရာ တွဲဖက်အသုံးပြုသောရေစုပ်ပန့်မှာ လေးလက်မ၊ နှစ်လက်မနှင့် အမြင့်တင်ရေစုပ်ပန့်ဟူ၍ အမျိုးအစားကွဲစွာ တပ်ဆင်အသုံးပြု၍ရသည်။ ယခုအင်ဂျင်သည် ရေစုပ်စက်၊ မီးစက်နှင့် တခြားလုပ်ငန်းများကို တွဲဖက် လုပ်ကိုင်နိုင်သည်။ ဆီစားနှုန်းမှာလည်း တစ်နာရီလျှင် ဒသမ ၂၅ဂါလန်သာ ကုန်ကျသဖြင့် ဝယ်ယူသုံးစွဲသူအတွက် တွက်ခြေကိုက်သည်။

ထုတ်လုပ်ပေးထား

"KND5-B ရေစုပ်စက်ကို တောင်သူတွေအနေနဲ့ လယ်ကွက်ထဲ ရေတင်တဲ့အခါ အသုံးပြုလို့ရသလို လယ်တဲနဲ့ နေအိမ်အတွက် မီးထွန်းလို့လည်းရပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားတွေ အတွက်သာမကဘဲ မီးသတ်လုပ်ငန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း၊ အဝီစိတွင်းရေများကို စုပ်ယူတဲ့လုပ်ငန်းတွေမှာလည်း အသုံးပြုလို့ရအောင် ထုတ်လုပ်ပေးထားပါတယ်"ဟု တပ်ဆင်ရေးအလုပ်ရုံ(၂)မှ လက်ထောက်မန်နေဂျာဒေါ်ဖြူဖြူမြင့်က ရှင်းပြသည်။

ပေ၉၀အထိရေတင်နိုင်

KND5-B ရေစုပ်စက်ကိုဝယ်ယူရာတွင် အင်ဂျင်ကို သီးခြားဝယ်ယူနိုင်သည်။ ထို့အတူ အင်ဂျင်နှင့်တွဲသုံး၍ရသည့် လေးလက်မရေစုပ်ပန့်၊ နှစ်လက်မရေစုပ်ပန့်နှင့် အမြင့်တင်ရေစုပ်ပန့်များကိုလည်း ရွေးချယ်ကာ အင်ဂျင်နှင့် တွဲဖက်ဝယ်ယူနိုင်ကြောင်း သိရသည်။ လေးလက်မ ရေစုပ်ပန့်သည် အမြင့် ၃၂ပေအထိ ရေတင်နိုင်ပြီး နှစ်လက်မအရွယ်အစား ရေစုပ်ပန့်မှာ အမြင့် ၄၅ပေအထိ ရေတင်နိုင်သည်။ အမြင့်တင် ရေစုပ်ပန့်မှာ အမြင့်ပေ၉၀အထိ ရေတင်နိုင်ကြောင်း သိရသည်။

"KND5-B မြင်းကောင်ရေငါးကောင်အား အင်ဂျင်သုံးရေစုပ်စက်ဟာ နှစ်လက်မ အရွယ်အစားပန့်ကို အသုံးပြုရင် တစ်မိနစ်ကို ရေဂါလန် ၇၅ဂါလန်အထိ စုပ်တင်နိုင်သလို လေးလက်မပန့်ကို အသုံးပြုရင် တစ်မိနစ်ရေဂါလန် ၃၀၀ခန့်အထိ လယ်ရေသွင်း၊ ရေထုတ်အသုံးပြုနိုင်ပါတယ်။ နောက်ပြီး အမြင့်တင်ပန့်ကိုအသုံးပြုမယ်ဆိုရင်တော့ တစ်မိနစ်ရေဂါလန်၃၀၀ တင်နိုင်ပြီး အမြင့်ပေ၉၀အထိ ရေတင်ပေးနိုင်ပါတယ်"ဟု ဒေါ်ဖြူဖြူမြင့်က ဆက်လက်ပြောပြသည်။

ထုတ်လုပ်ပေး

အင်ဂျင်နှင့်တွဲဖက်ကာ ရေစုပ်ပန့်များကို တပ်ဆင်ပြီးပါက အင်ဂျင်လည်ပတ်နှုန်း မှန်၊ မမှန်၊ မြင်းကောင်ရေအားပြည့်၊ မပြည့် စစ်ဆေးပြီး အင်ဂျင်နှင့်ပန့်တွဲကာ သတ်မှတ်စံချိန်ပြည့်မီမှု ရှိ၊ မရှိစသည့်အချက်များကို အဆင့်တိုင်း၌ ကျွမ်းကျင်သူဝန်ထမ်းများက စစ်ဆေးတပ်ဆင်ပေးနေသည်ကိုတွေ့ရသည်။ အင်ဂျင်ထုတ်လုပ်မှုအနေဖြင့် တစ်လလျှင် အင်ဂျင်အလုံး ၁၅၀နှင့် ၂၀၀ကြား ထုတ်လုပ်ပေးလျက်ရှိရာ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ၏ ထုတ်လုပ်အားကလည်း ကောင်းမွန်နေသည်။

ထို့အတူ ရေစုပ်ပန့်များကိုထုတ်လုပ်ရာတွင် တစ်လလျှင် လေးလက်မ ရေစုပ်ပန့် ၃၀၀ခန့် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နှစ်လက်မပန့်နှင့် အမြင့်ပေ၉၀ အထိ ရေတင်နိုင်သော ရေပန့်များကိုမူ ဝယ်ယူလိုသူများ၏ အမှာစာများအတိုင်း ထုတ်လုပ်ပေးနေကြောင်း သိရသည်။

ပြီးစီး

အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ၏ တပ်ဆင်ရေးအလုပ်ရုံ(၂)သို့ သွားရောက်လေ့လာခဲ့သည်။ နှစ်လက်မ ရေစုပ်ပန့်များ တပ်ဆင်ပြီးအနေအထားကို တွေ့မြင်ရသည်။ အစိတ်အပိုင်းပစ္စည်း ၃၄မျိုးပါရှိသည့် နှစ်လက်မရေစုပ်ပန့်များကို တပ်ဆင်လျှင်ခန့်မှန်းခြေ တစ်နေ့ငါးလုံးခန့် ပြီးစီးကြောင်းလည်း သိရသည်။ တပ်ဆင်ရေးအလုပ်ရုံ(၂)တွင် စက်ပစ္စည်းကိရိယာများအား ဆေးမှုတ်အခြောက်ခံလိုင်းများကို တွေ့ရှိရသည်။

ကြီးကြပ်ဆောင်ရွက်

တစ်ဖန် တပ်ဆင်ရေးအလုပ်ရုံ(၂)တွင် (၁၈)သွားထယ်နှင့် သုံးသွားပါဝါထယ် တပ်ဆင်ရေးနေရာ၊ အလယ်ဆွဲထွန်ခုံ တပ်ဆင်ရေးနေရာ၊ သုံးသွားထယ်တပ်ဆင်သည့်နေရာနှင့် နှစ်လက်မရေစုပ်ပန့် တပ်ဆင်ရေးနေရာများတွင် တပ်ဆင်ဆေးမှုတ်အခြောက်ခံပြီးသော ပစ္စည်းကိရိယာများကို နေရာအလပ် မရှိအောင် မြင်တွေ့ရသည်။ အဆင့်တိုင်း၌ အရည်အသွေး စစ်ဆေးမှုကို အထူးကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ဝယ်ယူနိုင်

KND5-B အင်ဂျင်နှင့် တွဲဖက်အသုံးပြုမည့် ရေစုပ်ပန့်များကို ဝယ်ယူလိုသူများအတွက် ဆင်တဲရှိ အမှတ်(၁)လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံနှင့် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီးရုံးသို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်သည်။ နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၅၃၂၃နှင့် ဆင်တဲရွာအနီးရှိအမှတ်(၁)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ ဖုန်း-၀၅၃-၄၀၀၂၆၊ ၄၀၀၂၈ တို့သို့ ဆက်သွယ် စုံစမ်းဝယ်ယူနိုင်ကြပြီ ဖြစ်သည်။

လက်ဝယ်ရှိသင့်

တောင်သူလယ်သမားများအတွက် လယ်ကွက်များ ရေသွင်း၊ ရေထုတ်ခြင်း၊ မီးသတ်လုပ်ငန်းများအတွက် အသုံးပြုလိုသည့်အချိန် အလွယ်တကူ သုံးစွဲနိုင်ခြင်း၊ အဝီစိတွင်းများမှ ရေစုပ်ယူခြင်းစသည့် လုပ်ငန်းများကို ထိရောက်စွာ အသုံးပြုနိုင်ကြသည်ဖြစ်ရာ KND5-B ရေစုပ်စက်သည် တောင်သူလယ်သမားတိုင်း သောက်သုံးရေရရှိစေရန်အတွက် ဆောင်ရွက်လိုသူတိုင်းနှင့် မီးသတ်လုပ်ငန်းအတွက် လိုအပ်သူတိုင်း လက်ဝယ်ရှိသင့်သော ပစ္စည်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



ရေစုပ်ပန့်နှင့်တွဲမည့်အင်ဂျင်များကို ဤသို့ အပြီးသတ်တပ်ဆင်ရသည်။ (မြန်မာ့အလင်း)



တောင်သူလယ်သမားတွေအတွက်သာမက ရေစုပ်ယူရာမှာလည်း အသုံးပြုလို့ရအောင် ထုတ်လုပ်ပေးထားပါတယ်။ ဒေါ်ဖြူဖြူမြင့်(လက်ထောက်မန်နေဂျာ၊ တပ်ဆင်ရေးအလုပ်ရုံ-၂)

KND5-B အင်ဂျင်နှင့် တွဲဖက်အသုံးပြုမည့် ရေစုပ်ပန့်များကို ဝယ်ယူလိုသူများအတွက် ဆင်တဲရှိ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံနှင့် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးသို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်။

ဆော့ဖ်ဝဲအင်ဂျင်နီယာ ရှင်းလင်းဟောပြောပွဲ

ရန်ကုန် စက်တင်ဘာ ၂၇

Software Engineer ဖြစ်လိုသည့်လူငယ်များအတွက် (ICT Diploma in Software Engineering) သင်တန်းနှင့်ပတ်သက်သည့် ရှင်းလင်းဟောပြောပွဲကို စက်တင်ဘာ ၂၉ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း(၈မိုင်) အမှတ်-၁၁၂ အခန်း(၁၁/၁၂) MPEC ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးနိုင်

ဟောပြောပွဲတွင် Myanmar Information Technology မှ Technical Director ဦးဇော်မိုးထွန်းက ပြည်တွင်းပြည်ပ IT Industry တွင် Software Engineer တစ်ဦး၏ အရေးပါပုံနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အားသာချက်များ၊ သင်ကြားရမည့်ဘာသာရပ်များ၊ သင်ကြားမှု နည်းစနစ်ပုံစံများနှင့် သင်တန်းပြီးဆုံးပါက ရရှိနိုင်မည့် အခွင့်အရေးများကို ရှင်းလင်းဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း- ၆၆၈၇၇၉နှင့် ၆၆၈၂၅၉တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပ မူလတန်းကျောင်းများသို့ စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အုပ်စု(၅)အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအား ကိုဘ(ဥပဒေ)မိသားစု ပညာရေးရန်ပုံငွေ စီမံမှုကော်မတီနှင့် အမက(၈) ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၏ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၀ရက်က ငမိုးရိပ်ခန်းမဆောင်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် သဘာပတိ အမက(၈)ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်မူက အမှာစကားပြောကြားပြီး ကိုဘ(ဥပဒေ)မိသားစု ပညာရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အမက(၈) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဘတင့်ဆွေက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာကြီးဦးစိန်ဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် အုပ်စု(၅)အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ခုနစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ၅၆၃ ဒါဇင်၊ ခဲတံ ၄၀၄ဒါဇင်၊ ခဲဖျက်၂၀၂ ဒါဇင်နှင့် ပေတံ ၂၀၂ဒါဇင်တို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသို့ ဦးဘတင့်ဆွေက ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ကျောင်းများအုပ်စုမှူး ကိုယ်စား အမက(၃၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင့်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယခုလှူဒါန်းသည့် တန်ဖိုးစုစုပေါင်းမှာ ငွေကျပ် ၁၆သိန်းကျော်ဖြစ်ကြောင်း သိရသည်။ **(၁၁၈)**

ရေမှုတ်စမ်းသပ်

မကွေးတိုင်း နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာရှိ ၆လက်မ× ပေ၈၄၀ စက်ရေတွင်းပြင်ဆင်ပြီး ရေမှုတ်စမ်းသပ်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်ဇော်မိုး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



● *ကျောဖုံးမှ*

သို့နှင့်ပင် ညနေ ၄ နာရီကျော်မှ ပခုက္ကူမြို့သို့ ရောက်ပါတော့သည်။ "**မင်္ဂလာပါ ပခုက္ကူမြို့**" ဟူသော မြို့ဝင်ဆိုင်းဘုတ်ကျော်သည်နှင့် သစ်ပင်အုပ်များကြားမှ လှပသစ်လွင်သော ပခုက္ကူမြို့မြင်ကွင်းကို တွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် တစ်နေ့လုံး ပင်ပန်းနွမ်းနယ်သမျှသည်လည်း တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားတော့သည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် ပခုက္ကူမြို့ ဖွံ့ဖြိုးတိုးတက်မှုများ ရေးသားတင်ပြနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်အား သိလိုသည်များ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ဒုတိယ ညွှန်ကြားရေးမှူးက "ပခုက္ကူမြို့ဟာ မကွေးတိုင်းအတွင်း တည်ရှိပြီး ၄၈၅ဒသမ ၈၃ စတုရန်းမိုင်ကျယ်ဝန်းပါတယ်။ လူဦးရေအားဖြင့် ၄၃၅၀၀၀ရှိပြီး ရပ်ကွက် ၁၅ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၅၅ အုပ်စုမှ ကျေးရွာပေါင်း ၂၈၅ ရွာဖြင့် ဖွဲ့စည်းထားတာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ပုံဖော်

ဆက်လက်၍လည်း "ပခုက္ကူမြို့မှာ ပြည်သူများစိတ်ချမ်းမြေ့စွာ အနားယူ အပန်းဖြေနိုင်ရေးအတွက် မြကန်သာပန်းခြံ၊ ဗိုလ်ချုပ်ပန်းခြံနဲ့ လွတ်လပ်ရေးပန်းခြံများ တည်ဆောက်ပေးထားပြီး ပန်းခြံများအတွင်းမျက်စိပသာဒကြည့်ကောင်းစေဖို့ မြက်ခင်းများ၊ ပန်းအလုပင်များကို ပုံဖော်ပြီး စနစ်တကျစိုက်ပျိုးထားပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်သွယ်ရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာသည့် အသွင်ကို GSM တာဝါတိုင်ကြီးက ဂုဏ်ယူဝင့်ကြွားပြသနေသည်။
(မြန်မာ့အလင်း)

မြေယာရှင်း

မြို့အဝင်ဆိုင်းဘုတ်များ အောက်တွင် မြေယာရှင်းအလှ ဆင်ထားသလို မြို့တွင်းအဓိက လမ်းမများပေါ်တွင် လမ်းညွှန်ဆိုင်းဘုတ်များ၊ ကြော်ငြာဆိုင်းဘုတ်များကို သစ်လွင်သပ်ရပ်စွာ စိုက်ထူထားသည်ကို တွေ့ရသည်။ မြို့လယ်လမ်းမကြီးဘေးတွင် "ပခုက္ကူမြို့ကို ဧရာအနောက်ဘက်ကမ်းမြို့တော်အဖြစ် အစဉ်တိုးတက်အောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုက ဝိုင်းဝန်းပူးပေါင်းကူညီကြပါ" ဆိုသည့် ဆိုင်းဘုတ်ကြီးကိုလည်း ထည်ထည်ဝါဝါစိုက်ထူထားသည်ကို တွေ့ခဲ့ရသည်။

မြို့တွင်းလမ်းများ

တစ်ဖန် မြို့တွင်းလမ်းများနှင့်ပတ်သက်၍ "လမ်းပေါ်မှာ လိုင်းများ၊ ချိုင့်များဖြစ်တာနဲ့တစ်ပြိုင်နက် ဖာထေးပြုပြင်ပြီး မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးကိုလည်း စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့မလမ်းမကြီး အပါအဝင် မြို့တွင်းအဓိကလမ်းမကြီးများတစ်လျှောက် လမ်းဘေး ဝဲယာမှာ နှစ်ရှည်ပင်များဖြစ်တဲ့ တမာ၊ မန်ကျည်း၊ ကုက္ကိုပင်များကို သပ်ရပ်လှပစွာ စိုက်ပျိုးထားပါတယ်။ ပခုက္ကူမြို့မှာ လမ်းလယ်ကျွန်းပေါင်း ၁၁၃ ခုနှင့် တြိဂံပုံ လမ်းလယ်ကျွန်း သုံးခုရှိပြီး လမ်းလယ်ကျွန်းတွေမှာ ရာသီအလိုက် ဖူးပွင့်သည့် ပန်းအလုပင်များ စိုက်ပျိုးထားသလို တချို့နေရာတွေမှာ လှပအောင်ဆေးခြယ်ထားတဲ့ သံပန်းတွေ တပ်ဆင်ထားပါတယ်"ဟု ရှင်းပြသည်။

အမှိုက်သိမ်းစနစ်

မြို့တွင်း အမှိုက်သိမ်းစနစ်နှင့်ပတ်သက်၍လည်း "မြို့ပေါ် ၁၅ရပ်ကွက်ကို အမှိုက်သိမ်းယာဉ်လေးစီးသုံးပြီး တစ်ပတ်ခြောက်ရက်ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်နဲ့ ဆောင်ရွက်ပေးတဲ့အပြင် အဓိကလမ်းမကြီးများမှာလည်း နေ့စဉ်တံမြက်လှည်းစနစ်နဲ့ ဆောင်ရွက်ပေးပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ မြို့ရေပေးစနစ်ကို စီမံချက်ရေးဆွဲပြီး မြို့ပေါ်၁၅ရပ်ကွက်ကို စက်ရေတွင်းခုနစ်တွင်းမှ နေ့စဉ် ဂါလန် ၁ ဒသမ ၀၅သန်းပေးဝေလျက်ရှိပါတယ်။ ၂၀၀၅-၂၀၀၆ ခုနှစ်က စပြီးတော့ တိုးချဲ့တူးဖော်ထားတဲ့ စက်ရေတွင်းသုံးတွင်းကနေ နေ့စဉ် ရေဂါလန် ၁ ဒသမ ၃သန်း ပေးဝေလျက်ရှိပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ထိုမြစ်နှစ်စင်းကြောင့် ဧရာအနောက်ခြမ်းဒေသ လမ်းပန်းဆက်သွယ်ရေး ခက်ခဲစေခဲ့သည့်အပြင် အပူရှိန်မြင့်မားခြင်းနှင့် မိုးရေချိန်နည်းပါးခြင်းတို့ကြောင့် ဤဒေသ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့ရသည်။ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးကို ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှု ကျဉ်းမြောင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဧရာ အနောက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည့်အလျောက် စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။

လှပဝင့်ထည်

ထိုဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကိုလည်း ပခုက္ကူမြို့က ရရှိခံစားနေရပြီဖြစ်ရာ မြို့တွင်းသန့်ရှင်းသပ်ရပ်လှပသည့် လမ်းမကြီးများနှင့်အပြိုင် ခေတ်မီတိုက်တာ အဆောက်အအုံများ၊ အထွေထွေရောဂါကု ဆေးရုံကြီးများ၊ တက္ကသိုလ်ကောလိပ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများဖြင့် ပခုက္ကူမြို့သည် လှပဝင့်ထည်လျက်ရှိသည်။

"ပန်းခြံများအတွင်းမျက်စိပသာဒကြည့်ကောင်းစေဖို့ မြက်ခင်းများ၊ ပန်းအလုပင်များကို ပုံဖော်ပြီး စနစ်တကျစိုက်ပျိုးထားပါတယ်"
ဦးသက်ပိုင်
(ဒုတိယညွှန်ကြားရေးမှူး)

ရွှေချောင်းနံဘေးရှိ ပုဂ္ဂလိကအထွေထွေရောဂါကု ဆေးရုံကြီးမှာလည်း ငွားငွားစွင့်စွင့် တည်ရှိနေပေသည်။ ချောင်းပေါ်တွင် ဆောက်လုပ်ထားသော ရွှေချောင်းတံတားကလည်း အလှတွင် အယှဉ်ဆင့်ဆိုသလို ကြည့်၍ကောင်းလှသည်။

အပန်းအတား

သဘာဝအပန်းအတားကြီးများဖြစ်နေသော မြစ်ကြီးများပေါ်တွင်မြစ်တွေ့လျှင်တံတားဆင် ဆိုသည်နှင့်အညီ နိုင်ငံတော်က ခေတ်မီ တံတားကြီးများ တည်ဆောက်ပေးပြီး ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ ဆက်သွယ်ဖောက်လုပ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခဲ့ပေသည်။ ထိုသို့သော သဘာဝအပန်းအတားကို ကျော်ဖြတ်ခဲ့သည့် နည်းတူ ပူပြင်းသည့် အပူရှိန်ဒဏ်ကို ကြံ့ကြံ့ခံတွန်းလှန်နိုင်ရန်အတွက် ပခုက္ကူမြို့နယ်သူ မြို့နယ်သားများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ မြို့စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ပခုက္ကူမြို့နယ်သည် အဝေးမှ လှမ်းကြည့်လိုက်ပါက စိမ်းလန်းစိုပြည်သည့် တောအုပ်ကြီးအသွင်ဖြစ်နေပေတော့သည်။ နိုင်ငံတော်ကလည်း ရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ စိမ်းစိုသော သစ်ပင်များ၏ အစိုဓာတ်ဖြင့် ငွေ့ရည်ဖွဲ့ကာ တဖြည်းဖြည်း အပူချိန်လျော့ကျပြီး မိုးရွာသွန်းမှုလည်း ပြောင်းလဲသွားနိုင်ပေသည်။

စိမ်းစိမ်းစိုစို

သစ်ပင်တစ်ပင်ရှင်သန်ရန် ခက်ခဲသော မိုးနည်းပြီး ပူပြင်းသည့်အညာဒေသတွင် သစ်ပင်များဖြင့် စိမ်းစိမ်းစိုစို သပ်ရပ်လှပနေသည့် ပခုက္ကူမြို့ကို မိုးနည်းရပ်ဝန်းဒေသ၏ အိုအေစစ်ကလေးဟုသာ တင်စားခေါ်ဆိုလိုက်ချင်ပါတော့သည်….။ ။

(မြန်မာ့အလင်း)

နှစ်ပေါင်းရာချီကြာမြင့်ပြီဖြစ်သည့် ပြအိုးများဖြင့် ရေးဘုရင်များ တည်ဆောက်ခဲ့သော ရေဆိပ်အဆင်းအတက်လမ်းကို ရှေးဟောင်းလက်ရာတစ်ခုအဖြစ် မြို့နယ်စည်ပင်သာယာမှ ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

ရေစကြိုမြို့အတွက် အဝိုင်းပတ်ကျွန်းကိုလည်း အမြင်တင့်ဖွယ် ဤသို့ အလှဆင်ထားသည်မှာ….။
(မြန်မာ့အလင်း)

ပခုက္ကူမြို့ကို "ဧရာ အနောက်ဘက်ကမ်းမြို့တော်"အဖြစ် အစဉ်တိုးတက်အောင် ဆောင်ရွက်နေပါသည်ဆိုသည့် ကြွေးကြော်ဆိုင်းဘုတ်ကြီးကလည်း မြို့လယ်လမ်းတွင် ခံ့ခံ့ထည်ထည် ….။
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အဂ္ဂိဇယမင်္ဂလံ ယဉ်ဝေယံထွန်း (တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၅ ၇။ အတီးပြိုင်ပွဲ
၈း၁၀ ၈။ စည်းကမ်းလိုက်နာဘေးကင်းကွာ
၈း၂၀ ၉။ **၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား၊ အမျိုးသမီး)**
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ ၁။ Myanmar National League MNL (2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဆောက်သမ်းမြန်မာအသင်း နှင့် ဇေယျာရွှေမြေအသင်း)
၄း၅၀ ၂။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၅၅ ၃။ အကပဒေသာ
၅း၀၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၅။ **ပြည်သူ့အတွက် ၂၄နာရီ** မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ (ဒါရိုက်တာ-အောင်ထွန်းထွန်းလွင်)
၅း၂၀ ၆။ **၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား၊ အမျိုးသမီး)**
၅း၄၀ ၇။ စူပါတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **တစ်ရေးနိုးဖူးစာ** (အပိုင်း-၁၉)
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (အပိုင်း-၃၂)

စက်တင်ဘာ ၂၃ ရက်က မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် စက္ကဝတ် ၁၊ ၃လမ်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအသိပညာပေးပွဲများ ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌဦးဟန်ဝင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များရှင်သန်ခိုင်မာရေး တာမွေပြန်/ဆက်ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၇

တာမွေမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေး ဦးဆောင်သောအဖွဲ့ စက်တင်ဘာ ၂၃ရက်က ကျောက်မြောင်းအထက်ရပ်ကွက် စာဥယျာဉ်စာကြည့်တိုက်တွင် ကွင်းဆင်းဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ဆွေးနွေးဟောပြော

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နွယ်က စာကြည့်တိုက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် အညီဆောင်ရွက်ရေး၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင်တိုးပွားရေး၊ စာငှားစနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂိုးအပြန်အလှန်သွင်းရင်း သရေပွဲဖြစ်သွားတဲ့ ဥသာယူနိုက်တက်နဲ့ မကွေး

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု- မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၇

MNL Grand Royal (2009) အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်များကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဥသာယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ တစ်ဖက် နှစ်ဂိုးစီနဲ့ သရေကျသွားပါတယ်။

ဥသာယူနိုက်တက် - နှစ်ဂိုး။
မကွေး F.C - နှစ်ဂိုး။

ပြီးခဲ့တဲ့ MNL Cup ပြိုင်ပွဲတုန်းက တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တဲ့ ဥသာယူနိုက်တက်အသင်းဟာ အခုပွဲမှာ မကွေးအသင်းကို ရှုံးကြွေးပြန်မဆပ်နိုင်ခဲ့ပေမယ့် ခြေစွမ်းပြပြီး နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်ကစားနိုင်သည်အထိ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ အခုပွဲရဲ့ အရှိန်ဟာ ဒုတိယပိုင်းကျမှ ပိုတက်လာတာဖြစ်ပြီး နှစ်သင်းစလုံး ဂိုးအပြန်အလှန် သွင်းပြီး အပြန်အလှန် ရှိခဲ့ပါတယ်။

နီးစပ်ခဲ့

မကွေးအသင်းဟာ ပြီးခဲ့တဲ့ပွဲမှာ နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ယူပြီး နိုင်ပွဲပျောက်နေမှုကို အဆုံးသတ်နိုင်ခဲ့ပေမယ့် အခုပွဲမှာတော့ အကောင်းဆုံးခြေစွမ်းထုတ်မပြနိုင်ခဲ့ပါဘူး။ ပထမပိုင်းမှာ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ နှစ်ဂိုးပြန်ပေးခဲ့ရပြီး အောင်မြင့်အေးရဲ့နောက်ကျ ချေပဂိုးကြောင့် သရေတစ်မှတ်ရခဲ့တာ ဖြစ်ပါတယ်။ ဥသာယူနိုက်တက်အသင်းကတော့ ပထမပိုင်းမှာ ကစားပုံမကောင်းခဲ့ပေမယ့် ဒုတိယပိုင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အနိုင်ရဖို့အထိ နီးစပ်ခဲ့ပါတယ်။

အားနဲ့ထိုးဖောက်

ရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ကစားခဲ့တဲ့ပွဲထွက် လူစာရင်းအတိုင်းပဲ မကွေး F.C ပွဲထွက်လာခဲ့ပေမယ့် ဥသာယူနိုက်တက်ကို အသာမရခဲ့ပါဘူး။ ၁၈ မိနစ်မှာ ပြည့်ဖြိုးဦး ဂိုးရနိုင်တဲ့အခွင့်အရေးရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ပါဘူး။ ဥသာယူနိုက်တက် အသင်းကတော့ တိုက်စစ်မှူး ပီတာ၊ ဘရာဇီးကစားသမား မားကို့စ်နဲ့တောင်ပံနှစ်ဖက်က နိုင်နိုင်လင်းနဲ့ မိုင်းအိုက်နိုင်တို့ရဲ့ အားနဲ့ထိုးဖောက်ဖို့ ကြိုးစားခဲ့ပါတယ်။ ၃၄မိနစ်မှာ မကွေးF.C အသင်း ဦးဆောင်ဂိုးရသွားပြီး တိုက်စစ်မှူး အရှနာကန်သွင်းတာကို ခိုင်ဇော်ထွန်းက ထပ်ဆင့်ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။

ချေပဂိုးရ

ဒုတိယပိုင်းမှာတော့ ဥသာယူနိုက်တက်အသင်းရဲ့ကစားပုံဟာ သိသိသာသာ ပြောင်းလဲသွားခဲ့ပြီး မကွေးအသင်းဘက်ကို အချိန်ပြည့် ဖိအားပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ပီတာ၊ မားကို့စ်နဲ့ နိုင်နိုင်လင်းတို့ ခြေစွမ်းပြကစားနိုင်ခဲ့လို့ ဥသာတိုက်စစ် ပိုကောင်းလာခဲ့ပါတယ်။ ၅၇မိနစ်မှာတော့ ဥသာယူနိုက်တက်အသင်းချေပဂိုးပြန်ရသွားပြီး ဘရာဇီးကစားသမား မားကို့စ်က ကန်သွင်းယူခဲ့တာပါ။

သရေပွဲ

ဆက်တိုက်ဆိုသလို ဥသာယူနိုက်တက်အသင်း ဖိကစားနိုင်ခဲ့ပြီး ၆၉မိနစ်မှာ ထောင့်ကန်ဘောမှ တစ်ဆင့် တိုက်စစ်မှူး ပီတာက ခေါင်းတိုက်ပြီး ဒုတိယဂိုးသွင်းယူခဲ့ပါတယ်။ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရနေချိန်မှာ ဥသာယူနိုက်တက်အသင်း ခံစစ်ကို အားပြုကစားခဲ့တာကြောင့် မကွေး တိုက်စစ်ဆင်ခွင့် ပိုရသွားခဲ့ပါတယ်။ ၈၇မိနစ်မှာ မကွေးအသင်း ချေပဂိုး ပြန်ရသွားပြီး အောင်မြင့်အေးက ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ နှစ်ဂိုးစီသရေဖြစ်ပြီး နောက်ပိုင်းမှာ ဥသာယူနိုက်တက်အသင်း ဂိုးရနိုင်တဲ့အခွင့်အရေး နှစ်ကြိမ်ရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့လို့ သရေပွဲနဲ့ပြီးဆုံးခဲ့တာဖြစ်ပါတယ်။ ။

မကွေး F.C မှ လွင်ဦး၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဥသာယူနိုက်တက် ဂိုးသမားနှင့် နောက်ခံလူများ ကာကွယ်စဉ်။ (မြန်မာ့အလင်း)

၃၀-၉-၂၀၀၉ ရက်

သုဝဏ္ဏကွင်း

ဒယ်လ်တာယူနိုက်တက် - ကမ္ဘောဇ

(မြန်မာ့အလင်း)

မကွေးနှင့် ဥသာပွဲကို လာရောက်ကြည့်ရှုအားပေးကြသော ပရိသတ်များ။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

လားရှိုး စက်တင်ဘာ ၂၇

၂၀၀၉ ခုနှစ် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၇ရက်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ပြည်ထောင်စုအားကစားရုံခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော လားရှိုးအသင်းအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)အတွင်းရေးမှူး ဦးတင်မောင်ဆွေက ဆုများချီးမြှင့်ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ဆန်းဒါးလန်း အိမ်ကွင်း၌ ဂိုးပြတ်နိုင် ဝူလ်ဗာဟမ်တန် ရှန်းကန်နေရဆဲ

ဖောင်ပိတ်အားကစားသတင်း - မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၂၇

ဆန်းဒါးလန်းနှင့် ဝူလ်ဗာဟမ်တန် အသင်းတို့ စက်တင်ဘာ ၂၇ရက် ညပိုင်းက ပရီမီယာလိဂ် လက်ကျန်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဆန်းဒါးလန်းက အိမ်ကွင်း၌ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

အဖွင့်ဂိုးရ

ပွဲစပြီး မကြာမီ ဆန်းဒါးလန်းက ထိုးဖောက်ကစားရာ ဒါရင်ဘင့် ဘောလုံးဆွဲပြေးသွားစဉ် ဝူလ်ဗာဟမ်တန် နောက်တန်းလူ ကက်စ်တဲလ်လို ကြမ်းတမ်းစွာကစားခဲ့၍ ဒိုင်လူကြီးက ပယ်နယ်တီပေးလိုက်သည်။ ယင်းပယ်နယ်တီကို ဒါရင်ဘင့်ကပင် ကန်သွင်းခဲ့ရာ ဆန်းဒါးလန်းတို့ အဖွင့်ဂိုးရခဲ့သည်။

ပယ်နယ်တီ

ဒုတိယပိုင်း ပြန်စချိန်တွင် ဒါရင်ဘင့်ကိုပင် ဝူလ်ဗာဟမ်တန် ကစားသမား ဘာရာက ပယ်နယ်တီ ဧရိယာအတွင်း ကြမ်းတမ်းစွာ ကစားခဲ့မိ၍ ဒိုင်လူကြီးက ဒုတိယ ပယ်နယ်တီ ပေးခဲ့ပြန်သည်။ ယင်းပယ်နယ်တီကို ဆန်းဒါးလန်းမှ ဂျုံးစ်က ကန်သွင်းခဲ့ရာ ဆန်းဒါးလန်းတို့ ဒုတိယမြောက်ဂိုး ရခဲ့ပြန်သည်။

တိုက်စစ်အရှိန်မြှင့်

ပွဲချိန်၄၉မိနစ်တွင် ဝူလ်ဗာဟမ်တန်တို့ တန်ပြန်တိုက်စစ်ဆင်ကစားခဲ့ရာ ဆန်းဒါးလန်းကစားသမားဂျွန်မန်ဆက်က ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိခဲ့သဖြင့် ချေပဂိုးစတင်ရရှိခဲ့သည်။ ဝူလ်ဗာဟမ်တန်က ဆက်လက် ချေပဂိုးသွင်းနိုင်ရေး တိုက်စစ်အရှိန်မြှင့် ကစားခဲ့ရာ ဒွိုင်လီက ဒုတိယချေပဂိုး သွင်းယူနိုင်ခဲ့သည်။

ပဥ္စမမြောက်ဂိုး

ဆန်းဒါးလန်းတို့ ပြန်လည်ထိုးဖောက် ကစားခဲ့ရာ ပွဲချိန်၆၉မိနစ်တွင် ဂျုံးစ်က ပယ်နယ်တီအစပ်မှသွင်းယူခဲ့သဖြင့် ဆန်းဒါးလန်းတို့ တတိယဂိုးရခဲ့သည်။ ပွဲပြီးခါနီးတွင် ဆန်းဒါးလန်းက ဖိကစားခဲ့ရာ မိုက်ကယ်တန်းနားက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် စတုတ္ထမြောက်ဂိုး ဆန်းဒါးလန်းတို့ ရခဲ့ပြန်သည်။ ဆန်းဒါးလန်းက ပွဲချိန်မိနစ် ၉၀ပြည့်သည်အထိ အရှိန်မြှင့်ကစားခဲ့ရာ ဝူလ်ဗာဟမ်တန်ကစားသမား မန်စီနီက ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိခဲ့သဖြင့် ပွဲအပြီး ဆန်းဒါးလန်းက ပဥ္စမမြောက်ဂိုးသွင်းယူကာ ပွဲသိမ်းခဲ့သည်။ **(အင်တာနက်)**

အဖွင့်ဂိုး

ဆန်းဒါးလန်းအတွက် အဖွင့်ဂိုးကို ဒါရင်ဘင့်က ပယ်နယ်တီမှ ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်)

ပွဲစဉ်(၇)အပြီး ပရီမီယာလိဂ် အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၇	၆	-	၁	၁၈
၂	ချယ်လ်ဆီး	၇	၆	-	၁	၁၈
၃	လီဗာပူး	၇	၅	-	၂	၁၅
၄	စပါး	၇	၅	-	၂	၁၅
၅	အာဆင်နယ်	၆	၄	-	၂	၁၂
၆	မန်စီးတီး	၅	၄	-	၁	၁၂
၇	အက်စ်တွန်ဗီလာ	၆	၄	-	၂	၁၂
၈	ဆန်းဒါးလန်း	၇	၄	-	၃	၁၂
၉	အဲဗာတန်	၆	၃	-	၃	၉
၁၀	ဝီဂန်	၇	၃	-	၄	၉
၁၁	ဘန်လေ	၇	၃	-	၄	၉
၁၂	စတုတ်စီးတီး	၇	၂	၂	၃	၈
၁၃	ဘော်လ်တန်	၆	၂	၁	၃	၇
၁၄	ဘာမင်ဂမ်	၇	၂	၁	၄	၇
၁၅	ဘလက်ဘန်း	၆	၂	၁	၃	၇
၁၆	ဝူလ်ဗာဟမ်တန်	၇	၂	၁	၄	၇
၁၇	ဖူလ်ဟမ်	၆	၂	-	၄	၆
၁၈	ဝက်စ်ဟမ်း	၅	၁	၁	၃	၄
၁၉	ဟူးလ်စီးတီး	၇	၁	၁	၅	၄
၂၀	ပို့စ်မောက်	၇	-	-	၇	၀

ရောဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ညှိနှိုင်းစည်းဝေး

ပုသိမ် စက်တင်ဘာ ၂၇

ဧရာဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီညှိနှိုင်းအစည်းအဝေး(၂/၂၀၀၉)ကို စက်တင်ဘာ၂၃ရက်က ပုသိမ်မြို့ ကင်မလင်းကျွန်း အဝေးပြေးစခန်း မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ဦးစီးဌာနရုံး ခန်းမဆောင်၌ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေး တက်ရောက်၍အမှာစကားပြောကြားသည်။

(အောက်ပုံ)

ဆွေးနွေး

ထို့နောက် ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်၊ ပို့ဆောင်ရေးနှင့် စီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးမင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်း၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းမြင့်၊ တိုင်းယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်းနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ဦးစီးဌာနဥက္ကဋ္ဌ ဦးစိုးကြိုင်တို့က ဆွေးနွေးကြသည်။

ညှိနှိုင်း

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဝေးပြေးမော်တော်ယာဉ်လိုင်းပေါင်းစုံမှ ယာဉ်ပိုင်ရှင်များ၊ ဂိတ်မှူးများနှင့် တာဝန်ခံများက ပြန်လည်ဆွေးနွေး ညှိနှိုင်းကြသည်။ **(ဘ၇)**

ကုန်ပစ္စည်း မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

Concordia Int'l Co.,Ltd. မှ နောက်ဆုံးပေါ် နည်းပညာအရည်အသွေးမြင့် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် Differential GPS(RTK) နည်းပညာနှင့် အခြားမြေတိုင်းပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ကျင်းပသည်။

အခမ်းအနားတွင် Concordia Int'l Co.,Ltd. တင်သွင်းဖြန့်ဖြူးသော ဂျပန်နိုင်ငံထုတ် Topcon အမှတ်တံဆိပ် (RTK) စနစ်သုံး DGPS များ၊ Geodetic Total Stationများ၊ GIS လုပ်ငန်းသုံး လက်ကိုင် GPS များ၊ Digital Theodolite များ၊ Autolevel များ အပြင် Civilcad Software များအကြောင်းကို ကုမ္ပဏီမှတာဝန်ရှိသူများက မိတ်ဆက်ရှင်းလင်းသည်။

သုံးစွဲ

Topcon DGPS(RTK) တိုင်းတာရေးစနစ်ဖြင့် လမ်းအူကြောင်းရှာဖွေခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကွန်တိုမြေပုံရေးဆွဲခြင်းလုပ်ငန်းများတွင် အချိန်၊ လူအင်အားသက်သာစွာ အသုံးပြုနိုင်ခြင်း၊ L_1, L_2 dual frequency ဖြစ်သောကြောင့် တိုင်းတာမှုအဖြေမှာလည်း မီလီမီတာအဆင့်အထိ တိကျမှုရှိခြင်းတို့ကြောင့် တစ်ကမ္ဘာလုံးတွင် တွင်ကျယ်စွာ သုံးစွဲလျက်ရှိသည်။

Topcon အမှတ်တံဆိပ် GPT 7500 Series သည် Reflector မပါဘဲ လူသွားလာရန် ခက်ခဲသောနေရာများနှင့် မည်သည့်အရာဝတ္ထုကိုမဆို တိုင်းတာနိုင်ခြင်း၊ Touch Screen ပါခြင်း၊USB Keyဖြင့် တိုင်းတာပြီး Data များကို Download / Upload ပြုလုပ်နိုင်သည်။ GTS 235 N မှာလည်း တိုင်းတာသည့်အမှတ် ၂၄၀၀၀ တိုင်းတာနိုင်သည့်အပြင် Single Prism ဖြင့် ၂ မိုင်ပတ်လည်ရှိ အရာဝတ္ထုများ၏ ကိုဩဒိနိတ်နှင့် အကွာအဝေးကို တိုင်းတာနိုင်ခြင်း၊New Road Software ပါရှိခြင်းကြောင့် လမ်းအူကြောင်းတိုင်းတာမှုတွင် အလွန်အသုံးဝင်သောပစ္စည်းဖြစ်သည်။ TKS 202 မှာ ဈေးနှုန်းသက်သာခြင်း၊ ဘက်ထရီစားနှုန်းသက်သာခြင်း၊ Single Prism ဖြင့် မီတာ ၂၀၀ တိုင်းတာနိုင်ပြီး အိမ်နီးချင်းနိုင်ငံများတွင် လူကြိုက်များသောTopcon နည်းပညာလုပ်Total Station ဖြစ်သည်။

Topcon အမှတ်တံဆိပ် Civilcad Softwareသည် ကိုဩဒိနိတ်အမှတ်များကို အခြေခံ၍ ကွန်ဒိုရေးဆွဲခြင်း၊Cross Section ရေးဆွဲခြင်း၊ Volume Calculation တွက်ပေးခြင်းနှင့် ဒီဇိုင်းလုပ်ငန်းများအား အချိန်တိုရေးဆွဲခြင်း ပြုလုပ်ပေးနိုင်သည်။

ဝယ်ယူနိုင်

အထက်ဖော်ပြပါ မြေတိုင်းပစ္စည်းများသည် မြန်မာနိုင်ငံရာသီဥတုနှင့် ကိုက်ညီသည့် ရေစိုခံခြင်း၊ ဖုန်နှင့် သဲဒဏ်ခံနိုင်ခြင်းကြောင့် အလွန်ခံနိုင်ရည်မြင့်မားသော ပစ္စည်းများဖြစ်သည်။ စက်အားလုံးအတွက် တစ်နှစ် အာမခံပေးထားသည့်အပြင် Service Centre များကိုလည်း ရန်ကုန်တွင် ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ်၊ ဖုန်း- ၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ Fax: ၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက်အအုံ လမ်း ၃၀ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀-၆၇၁၇၂၊ နေပြည်တော်တွင် သီရိရတနာအဆင့်မြင့်ဈေး ဖုန်း- ၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာငှားစနစ်ကျင့်သုံးရေး ပုလဲ၌ဆောင်ရွက်

ပုလဲ စက်တင်ဘာ ၂၇

ပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများသည် ဖွင့်လှစ်ပြီး ခိုင်မာစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံညီညွတ်ရေး၊ စာငှားစနစ်ကျင့်သုံးဆောင်ရွက်ရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ရက်က လက်ပူကန်ကျေးရွာ အေးချမ်းသာယာစာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဆန်းမြင့်က ဖွင့်လှစ်ပြီးစာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေး၊ ရန်ပုံငွေနှင့် စာအုပ်စာစောင်တိုးပွားရေးအတွက် စာငှားစနစ်ကျင့်သုံးရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရုံးဝန်ထမ်းများက စာအုပ်များထားသိုမှု၊ မှတ်ပုံတင်စာအုပ်များ ရေးသွင်းမှု၊ စာကြည့်တိုက်အင်္ဂါရပ်များနှင့် ညီညွတ်ရေးအတွက် ထားရှိရမည့်အချက်အလက်များကို လက်တွေ့ပြသ ဆောင်ရွက်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲခူး-ဈေးညောင်ပင်လမ်း ကျေးလက်ဂဝံလမ်းခင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို စက်တင်ဘာ၂၂ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လှုတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဥမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ငွေသောင်ယံလမ်း အမှတ်(၃)ကွန်ကရစ်တံတား ပြုလုပ်ခြင်းလုပ်ငန်းတွင် ကွန်ကရစ်ကြမ်းခင်းနေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးသန်းစိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြတ်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များပြုစုပျိုးထောင်ထားရှိမှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

မင်းတုန်း၌ လူဦးရေစာရင်းကောက်ယူရေး သင်တန်းဖွင့်

မင်းတုန်း စက်တင်ဘာ ၂၇

သရက်ခရိုင် မင်းတုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနက ကြီးမှူးကျင်းပသော လူဦးရေစာရင်းကောက်ယူရေး သင်တန်းကို စက်တင်ဘာ ၁၅ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ညွန့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်သူ့အင်အားဦးစီးဌာန (ရုံးချုပ်)မှ ဦးစီးအရာရှိ ဒေါ်သီတာက လူဦးရေစာရင်း ကွင်းဆင်းကောက်ယူရေး အကြောင်း ဆွေးနွေးသည်။ သင်တန်းသို့ ကျေးရွာအုပ်စု ၁၇အုပ်စုမှ အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ စုစုပေါင်း ၅၄ဦး တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ရေရရှိရေး ဆောင်ရွက်

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေရရှိရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ပရိမ္မစံပြရွာ ရေရရှိရေးဆောင်ရွက်ပေးရန် စက်တင်ဘာ၁၂ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့ မြစ်ရေတင်ရေပိုက်သွယ်တန်းရန် ကွင်းဆင်းတိုင်းတာစဉ်။

(မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့၌ သန့်ရှင်းရေးလုပ်ငန်း စုပေါင်းဆောင်ရွက်

ကျောက်တံခါး စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၉)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ကျောက်တံခါးမြို့ ဘူတာရုံဝန်းကျင်အတွင်း ချုံနွယ်ပိတ်ပေါင်း ခုတ်ထွင်ရှင်းလင်းခြင်းကို ဩဂုတ် ၂၉ရက်က စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ဒီပွဲအနိုင်ရတာထူးခြားမှုရှိပါတယ် — ဖာဂူဆန်
သင်ခန်းစာကောင်းတစ်ခုပါပဲ — အန်ဆယ်လော့တီ

မောင်မောင်မြင့်ဆွေ သုံးသပ်ရေးသားသည် ❖ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

လန်ဒန် စက်တင်ဘာ ၂၇

ပရီမီယာလိဂ်ပွဲစဉ် (၇) ကို စက်တင်ဘာ ၂၆ ရက်က ပွဲစဉ်အချို့ ယှဉ်ပြိုင်ကစားသွားတဲ့အခါ တန်းစီဇယားထိပ်ဆုံးက ချယ်လ်ဆီးတို့ မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရပေမယ့် မန်ယူနဲ့ လီဗာပူးတို့ကတော့ အောင်ပွဲတွေ ခံနိုင်ခဲ့ကြပါတယ်။

ဒါကြောင့် ပရီမီယာလိဂ် ပွဲစဉ် (၇)မှာ ယှဉ်ပြိုင်ပြီးသွားတဲ့ ပွဲအချို့က နည်းပြတွေရဲ့ ဖွင့်ဟစကားတွေကို ဖော်ပြရပါရင်-

မန်ယူနည်းပြဖာဂူဆန်

"စတုတ်ကို ပွဲမစခင်ကတည်းက အလေးထားဖို့၊ မပေါ့ဆဖို့ ကျွန်တော့်

လူတွေကို သတိပေးခဲ့တာပါ။ ထင်ထားတဲ့အတိုင်းပါပဲ ပထမပိုင်းမှာ ဂိုးမသွင်းနိုင်ခဲ့ဘူး၊ အိမ်ကွင်းမှာကစားသွားတဲ့ စတုတ်ရဲ့ခြေက ချီးမွမ်းစရာပါ။ ဘာဘာတော့ဖ်နဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေဘယ်လိုရှိနေပါစေ ကျွန်တော်ကတော့ သူ့ရဲ့ဂိုးသွင်းမှုအပေါ် ယုံကြည်ပါတယ်။ ဒီပွဲအနိုင်ရတာဟာ အဖိုးတန်တယ်။ ထူးခြားတယ်လို့ဆိုချင်ပါတယ်။ ဒါက ကျွန်တော်တို့ တန်းစီဇယားထိပ်ဆုံးကိုဒီနှစ်ဘောလုံးရာသီမှာ ပထမဆုံး ရပ်တည်နိုင်ခဲ့လို့ပါပဲ" ဟု ဖာဂူဆန်ကပြောကြားခဲ့ပါတယ်။ မန်ယူဟာ လက်ရှိအချိန်မှာ ချယ်လ်ဆီးနဲ့ ပွဲတူအမှတ်တူ ဂိုးကွာခြားမှုနဲ့ ထိပ်ဆုံးမှာ ရပ်တည်ခွင့်ရရှိသွားခဲ့ပြီဖြစ်ပါတယ်။

ချယ်လ်ဆီးနည်းပြအန်ဆယ်လော့တီ

"ပရီမီယာလိဂ်မှာ ကျွန်တော် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့တာမို့ ခံစားရမှုကို မဖုံးကွယ်လိုပါဘူး၊ ဝီဂန်အသင်းကို အနိုင်ရမယ်လို့ သေချာပေါက် တွက်ထားတာပါ။ ဒါပေမယ့် ကျွန်တော့် ကစားသမားအချို့ အမှားအယွင်းတွေ ပြုလုပ်ခဲ့တာရှိပေမယ့် ဝီဂန်တို့ခြေစွမ်းကလည်း ကောင်းတာမို့ ကျွန်တော်တို့ရှုံးခဲ့တာပါ။ ဘယ်သူ့ကိုမှတော့ အပြစ်မပြောလိုပါဘူး။ ကျွန်တော့်အတွက် သင်ခန်းစာကောင်းလို့မှတ်ယူပါတယ်။ ပရီမီယာလိဂ်မှာ ဘယ်အသင်းမဆို လျှော့တွက်လို့မရဘူးဆိုတာ သိထားပေမယ့် အခုတော့ ပိုပြီးလေးနက်မှုဖြစ်စေခဲ့ပါပြီ။ ဒါပေမယ့် ဒီပွဲရလဒ်ဟာ ကျွန်တော့်ရဲ့ ပရီမီယာလိဂ်ဖလား ရယူရေးမျှော်မှန်းချက်ကို ယိမ်းယိုင်စေမှာတော့မဟုတ်ပါဘူး။ ဘောလုံးပွဲတွေမှာ အရှုံး အနိုင်ဆိုတာရှိစမြဲပါ" လို့ အန်ဆယ်

လော့တီကပြောကြားခဲ့ပါတယ်။ ဝီဂန်ကို ရှုံးခဲ့တာမို့ တန်းစီဇယားထိပ်ဆုံးနေရာကို မန်ယူအား ဖယ်ပေးလိုက်ရပြီဖြစ်ပါတယ်။

ဝီဂန်နည်းပြ မာတီနက်ဇ်

"ဂုဏ်ယူစရာဖြစ်ရတဲ့ အောင်မြင်မှုပါပဲ။ ပထမပိုင်း ပွဲချိန်အစပိုင်းတွေမှာ ကျွန်တော့်ကစားသမားတွေ ကောင်းကောင်းကစားနိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးလို တောင့်တင်းတဲ့အသင်းကို အနိုင်ကစားဖို့ မလွယ်ဘူးဆိုတာသိခဲ့လို့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားခဲ့တာပါ။ အခုက အနေနဲ့ တည်တည်ငြိမ်ငြိမ်နဲ့ အားသွန်ကစားခဲ့ကြလို့ နိုင်ပွဲရတာလို့ ဆိုချင်ပါတယ်။ ဝီဂန်အသင်းဟာ မန်ယူ၊ အာဆင်နယ်နဲ့ ချယ်လ်ဆီးအသင်းတွေကို ပြတ်ပြတ်သားသား အနိုင်ကစားနိုင်တယ်ဆိုတဲ့အစွမ်း ရှိတယ်ဆိုတာ လက်တွေ့ပြသနိုင်ခဲ့ပါပြီ။ ဒီစိတ်ဓာတ်မျိုးနဲ့ နောက်ပွဲတွေမှာ အနိုင်ရအောင် ဆက်လက်ယှဉ်ပြိုင်သွားမှာပါ" လို့ ဝီဂန်နည်းပြ မာတီနက်ဇ်ကပြောကြားခဲ့ပါတယ်။

လီဗာပူးနည်းပြ ဘင်နီတက်ဇ်

"လီဗာပူးအသင်းမှာ ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးတွေရှိနေတယ်ဆိုတာ ပြသလိုက်တာပါပဲ။ ကွင်းလယ်ကစားအား ဒီအတိုင်းပံ့ပိုးရှိသွားရင် ပွဲတိုင်းရလဒ်ကောင်းအောင် ကစားသွားနိုင်ပါတယ်။ ဘယ်အသင်းကိုမှ ပေါ့ပေါ့ဆဆ မကစားခဲ့ပါဘူး။ ဒီထက်စုစည်းမှု အားကောင်းရင် ကျွန်တော်တို့ မျှော်မှန်းချက်

အကောင်အထည် ပေါ်လာမှာပါ" လို့ နည်းပြဘင်နီတက်ဇ်က ပြောကြားသွားခဲ့ပါကြောင်း။ ။

(အင်တာနက်)

အားကစားသတင်းအတိုအထွာ

အာကာဟိန်း စုစည်းသည်

ဒီဂိုဖော်လန် အက်သလက်တီကိုအသင်းတွင် ၂၀၁၃ခုနှစ်အထိ ဆက်လက်ရှိနေမည်

တိုက်စစ်မှူး ဒီဂိုဖော်လန်အား အက်သလက်တီကိုမက်ဒရစ်အသင်းက နောက်ထပ် နှစ်နှစ်သက်တမ်းတိုး စာချုပ်လိုက်သဖြင့် လာမည့် ၂၀၁၃ခုနှစ်အထိ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ယင်းကလပ်က စက်တင်ဘာ ၂၇ရက်တွင် သတင်းထုတ်ပြန်သည်။

လီဗာပူး ဂိုးပြတ်ခဲ့သော်လည်း တိုက်စစ်မှူး တောရက်စ် ဒဏ်ရာရရှိခဲ့

လီဗာပူးအသင်းက ပရီမီယာလိဂ်ပွဲစဉ်(၇)၌ ဟူးလ်စီးတီးအသင်းကို အနိုင်ရခဲ့သော်လည်း ဟက်ထရစ်ဂိုးသွင်းနိုင်ခဲ့သည့် တိုက်စစ်မှူး တောရက်စ် ဒူးဒဏ်ရာရရှိခဲ့ကြောင်း၊ သို့သော် ပြင်းထန်မှုမရှိကြောင်း လီဗာပူးကလပ်က စက်တင်ဘာ ၂၇ရက်တွင် သတင်းထုတ်ပြန်သည်။

မန်ယူ ပရီမီယာလိဂ်ဖလား မဆုံးရှုံးနိုင်ဟု ဂစ်ပြောကြား

မန်ယူအသင်းသည် ပရီမီယာလိဂ်ဖလားကို ဆုံးရှုံးရန် အနေအထား လုံးဝမရှိကြောင်း တောင်ပံကစားသမားဂစ်က စတုတ်အသင်းကို အနိုင်ယူပြီးနောက် စက်တင်ဘာ ၂၇ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းထားသူများ တိုက်စစ်မှူး တောရက်စ် ထိပ်ဆုံးမှရပ်တည်နေ

စက်တင်ဘာ ၂၇ရက်အထိ ကစားခဲ့ပြီးသော ပရီမီယာလိဂ်ပွဲစဉ်များအပြီးတွင် ဂိုးအများဆုံး သွင်းယူထားသည့် တိုက်စစ်မှူးများမှာ လီဗာပူးတိုက်စစ်မှူး တောရက်စ် ရှစ်ဂိုး၊ မန်ယူတိုက်စစ်မှူး ရွန်နေ ခြောက်ဂိုးနှင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ ငါးဂိုးတို့ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကင်မရွန်းက တောင်ကိုရီးယားကို အနိုင်ရ

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၇ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အုပ်စု(ဃ)မှ ကင်မရွန်းနှင့် တောင်ကိုရီးယားပွဲတို့တွင် ကင်မရွန်းက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

စီရိုနယ်ဒိုနှင့် မက်ဆီတို့ လာလီဂါ၌ သွင်းဂိုးအပြိုင်ဖြစ်နေ

စပိန်လာလီဂါပွဲစဉ်များ စက်တင်ဘာ ၂၇ရက်အထိ ယှဉ်ပြိုင်ပြီးနောက် ဂိုးအများဆုံး သွင်းထားသူများမှာ ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာက ခြောက်ဂိုး၊ ရီးရဲမက် ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုက ငါးဂိုးနှင့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ငါးဂိုးတို့ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ဝီဂန်ကိုရှုံးနိမ့်ခဲ့မှု မည်သို့မျှ ထိခိုက်မှုမရှိဟု တိုက်စစ်မှူး ဒရော့ဘာပြောကြား

မိမိတို့အသင်း ဝီဂန်ကိုရှုံးနိမ့်ရခြင်းမှာ ပရီမီယာလိဂ်ဖလားရယူရေး စိတ်ဓာတ်ပြင်းထန်နေမှုကို မည်သို့မျှ ထိခိုက်မှုမရှိကြောင်း ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက စက်တင်ဘာ ၂၇ရက်၌ ထုတ်ဖော်ပြောကြားသည်။

လီဗာပူးခြေစွမ်း အမြင့်ဆုံးသို့ရောက်နေ အသင်းခေါင်းဆောင် ဂျရတ်ပြောကြား

မိမိတို့အသင်းကို ပြိုင်ဘက်အသင်းများက လျှော့တွက်လျှင် မှားသွားမည်ဖြစ်ကြောင်း၊ လီဗာပူး၏ခြေစွမ်းသည် အမြင့်ဆုံးရောက်ရှိနေကြောင်း အသင်းခေါင်းဆောင် ဂျရတ်က စက်တင်ဘာ ၂၇ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

ယူကရိန်းနိုင်ငံသား ကလစ်ချကိုဟဲဗီးဝိတ်ချန်ပီယံသရဖူကာကွယ်နိုင်

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂၇

ယူကရိန်းနိုင်ငံသား ဗီတာလီကလစ်ချကိုနှင့် အမေရိကန်နိုင်ငံသား ခရစ်အာရီယိုလာတို့ လော့စ်အိန်ဂျလိစ်မြို့၌ ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲအဖြစ် ထိုးသတ်ခဲ့ရာ ကလစ်ချကိုက ၁၀ချီထိုးပြီး ၎င်း၏ ချန်ပီယံသရဖူကို ကာကွယ်လိုက်သည်။

အသက် ၂၈ နှစ်ရှိ ရှုံးပွဲမရှိစံချိန်တင်ထားသော ခရစ်အာရီယိုလာသည် ၁၁ချီမြောက်တွင် လုံးဝပြန်မထနိုင်တော့သဖြင့် အရှုံးပေးလိုက်ရသည်။ အသက် ၃၈ နှစ်ရှိ ကလစ်ချကိုအတွက် ယင်းအနိုင်ပွဲတွင် ၃၈ပွဲမြောက် နိုင်ပွဲဖြစ်သည်။ **(အင်တာနက်)**

အတ္တလန္တာ ဂေါက်သီးရိုက်ပြိုင်ပွဲ တိုက်ဂါးဝုဒ် ဦးဆောင်ယှဉ်ပြိုင်

အတ္တလန္တာ စက်တင်ဘာ ၂၇

တိုက်ဂါးဝုဒ်သည် အမေရိကန် နိုင်ငံ အတ္တလန္တာမြို့ အိစ်လိတ်ဂေါက် ကလပ်၌ ကျင်းပသော ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့တွင် အိုင်ယာလန်မှ ပက်ဒရိတ်ဟာရင်တန်အား တစ်ချက်အသာဖြင့် ဦးဆောင်နေသည်။

လွဲခဲ့ရ

ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ် သည် ဒုတိယနေ့ပြိုင်ပွဲတွင် စုစုပေါင်း ၆၈ ချက်သာရိုက်ခဲ့သည်။ သို့သော် ကျင်းအမှတ် ၁၅ နှင့် ၁၆ တို့တွင် ကျင်းစိမ်မှု လွဲချော်ခဲ့၍ အကောင်းဆုံး အခွင့်အလမ်းများနှင့် လွဲခဲ့ရသည်။

တိုက်ဂါးဝုဒ်သည် ယင်းပြိုင်ပွဲတွင် ဖလား ဆွတ်ခူးနိုင်ပါက ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁ဒသမ ၃၅ သန်းရရှိမည်ဖြစ်သည်။ (အင်တာနက်)

အာဆင်နယ်နှင့်လီဗာပူး ကာလင်းဖလား စတုတ္ထဆင့်၌တွေ့ကြပြီ

လန်ဒန် စက်တင်ဘာ ၂၇

ကာလင်းဖလား စတုတ္ထဆင့်ပွဲစဉ်များကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ အာဆင်နယ်ကလီဗာပူးနှင့် ကစားရမည်ဖြစ်သည်။

လက်ရှိချန်ပီယံမန်ယူက ဘန်စလေကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ဘန်စလေအသင်း၏ နည်းပြမှာ မန်ယူတိုက်စစ်မှူးဟောင်း မတ်ရိုဘင်ဖြစ်သည်။ မန်စီးတီးက အိမ်ကွင်း၌ စကွန်သော်ပီယူနိုက်တက်နှင့် ကစားမည်ဖြစ်သည်။

စပါးက အဲဗာတန်၊ ချယ်လ်ဆီးက ဘော်လ်တန်တို့ကို အသီးသီးအိမ်ရှင်အဖြစ်လက်ခံကစားပြီး အက်စတွန်ဗီလာက ဆန်းဒါးလန်းကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ယင်းပွဲစဉ်များကို အောက်တိုဘာ ၂၇ရက်နှင့် ၂၈ရက်တို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဘလက်ဘန်း	-	**ပီတာဘရော့ယူနိုက်တက်**
မန်စီးတီး	-	**စကွန်သော်ပီယူနိုက်တက်**
စပါး	-	**အဲဗာတန်**
ဘန်စလေ	-	**မန်ယူ**
ချယ်လ်ဆီး	-	**ဘော်လ်တန်**
ဆန်းဒါးလန်း	-	**အက်စတွန်ဗီလာ**
အာဆင်နယ်	-	**လီဗာပူး**
ပို့စ်မောက်	-	**စတုတ်စီးတီး**

(အင်တာနက်)

လုပ်ပွဲကစားခဲ့သော အသင်းများ ယူအီးအက်ဖ်အေ စုံစမ်းစစ်ဆေးပြီ

လန်ဒန် စက်တင်ဘာ ၂၇

ချန်ပီယံလိဂ်နှင့် ယူအီးအက်ဖ်အေဖလားပြိုင်ပွဲများအပါအဝင် သံသယရှိသောလုပ်ပွဲ ကစားသည့် အမှုပေါင်း ၄၀ကို ယူအီးအက်ဖ်အေက စုံစမ်းနေသည်။

ယင်းလုပ်ပွဲကစားသော အသင်းများသည် အရှေ့ဥရောပအသင်းများ အဓိကပါဝင်ကြောင်း၊ ၎င်းအသင်းများသည် လွန်ခဲ့သော လေးနှစ်နှင့် နှစ်နှစ်အတွင်း လုပ်ပွဲများ ကစားခဲ့ကြောင်း ယူအီးအက်ဖ်အေ စည်း ကမ်းပိုင်းဆိုင်ရာ တာဝန်ရှိသူ ပီတာလီမာချာက ပြောကြားသည်။

ပြီးခဲ့သော ဧပြီလက မက်ဆီဒိုးနီးယားကလပ် အက်ဖ်ကေပိုဘီဒါကလပ်ကို လုပ်ပွဲကစားကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ရှစ်နှစ် ပွဲပိတ်ပင်လိုက်သည်။ အခြားသော မက်ဆီဒိုးနီးယားကလပ် သုံးခုကိုလည်း စုံစမ်းစစ်ဆေးနေသည်ဟု ဆိုသည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ဥရောပချန်ပီယံခါးပတ် မက်ကလင်းအလဲထိုးရယူ

လန်ဒန် စက်တင်ဘာ ၂၇

ဘာမင်ဂမ်နိုင်ငံသား လက်ဝှေ့သမား မက်ကလင်းက ဖင်လန်နိုင်ငံသား အဗင်အဆီကိုင်နင်အား ပထမအချီတွင် အလဲထိုးပြီး ဥရောပမစ်ဒယ် ဝိတ်တန်း ချန်ပီယံခါးပတ်ကို ရယူသွားသည်။

အသက် ၂၇နှစ်ရှိ မက်ကလင်းသည် အဆီကိုင်နင်အား ပထမအချီတွင် ဘယ်လက်သီးဖြင့် ပွဲသိမ်းထိုးသတ် ခဲ့ခြင်းဖြစ်သည်။ မန်ချက်စတာမြို့၌ ထိုးသတ်ခဲ့သော ယင်းပြိုင်ပွဲသည် မက်ကလင်းအတွက် ၂၅ပွဲမြောက် နိုင်ပွဲဖြစ်ခဲ့သည်။

၎င်းအနေဖြင့် အိုင်ဘီအက်ဖ် မစ်ဒယ်ဝိတ်တန်းချန်ပီယံ ဆေဗက်စတားနှင့် ယှဉ်ပြိုင်ထိုးသတ်သွားရန် အသင့်ရှိကြောင်း မက်ကလင်းက ထုတ်ဖော်ပြောကြားသည်။

(အင်တာနက်)

စက်တင်ဘာ ၂၀ရက်က လှိုင်သာယာမြို့နယ် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ဒုတိယတန်း(က)မှ မယမင်းစံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့စိန်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (ပညာရေး)

ကမ္ဘာ့ဝိပဿနာစေတီ မွန်ဘိုင်း(ဘုံဘေမြို့) မြန်မာကျောင်း အုတ်မြစ်စီအခမ်းအနားနှင့် ဗုဒ္ဓဝင်ပြခန်းဖွင့်ပွဲ

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရှိ အဋ္ဌမမြောက် ကမ္ဘာ့အံ့ဖွယ် ဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအနီးတွင် မြန်မာကျောင်း အုတ်မြစ်စီ အခမ်းအနားနှင့် ဗုဒ္ဓဝင်ပြခန်းဖွင့်ပွဲကို(တန်ဆောင်မုန်းလပြည့်နေ့) ၁-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့)နံနက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဘုရားဖူးခရီးသွားရောက်လိုသူများ အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၄)ရက် ခရီးစဉ်- ရန်ကုန် —လေယာဉ်ဖြင့်→ မွန်ဘိုင်း- အီဂတ်ပူရီ-ကမ္ဘာ့ဝိပဿနာစေတီ-မွန်ဘိုင်း —လေယာဉ်ဖြင့်→ ရန်ကုန်
(၃၀-၁၀-၂၀၀၉) ရက်မှ (၂-၁၁-၂၀၀၉)ရက်အထိ

(၁၁)ရက် ခရီးစဉ် - ရန်ကုန် —လေယာဉ်ဖြင့်→ ကိုလ်ကတ္တား-သံဝေဇနိယလေးဌာန-ဗာရာဏသီ —လေယာဉ်ဖြင့်→ မွန်ဘိုင်း -အီဂတ်ပူရီ-
ကမ္ဘာ့ဝိပဿနာစေတီ - မွန်ဘိုင်း —လေယာဉ်ဖြင့်→ ရန်ကုန်
(၂၃-၁၀-၂၀၀၉) ရက်မှ (၂-၁၁-၂၀၀၉)ရက်အထိ

ဆက်သွယ်စုံစမ်းရန်-

Bandoola Tours & Travels Limited.
အမှတ် ၇၉၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၂၀၁၊ ၂၄၅၃၂၇၊ ၂၅၃၆၀၁ လိုင်းခွဲ-၁၁၂

ပန်းအလှ

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့ဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ဆိုင်းဘုတ်ဆေးသုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်သိန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်တံတား

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ပိန်းဇလုပ်ရွာမ - ကညင်ကျိုးလမ်းနှင့် ယင်းလမ်းပေါ်ရှိ တံတားအမှတ်(၆) တည်ဆောက်ထားရှိမှုကို စက်တင်ဘာ ၁၄ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ချောခင်း

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းဝေ တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် ရွာမလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စန်းစန်းအေးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကွင်းဆင်းဆောင်ရွက်

စက်တင်ဘာ ၁၃ရက်က မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများ အမှတ်(၂)ရပ်ကွက် ဓမ္မာရုံတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက် ထုတ်ပေးစဉ်။

(လဝက)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

အမြန်ယာဉ်ကားလေး ပြေးဆွဲပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်-ပေါက်ခေါင်း-အုတ်တွင်း ကားလမ်းမပေါ်ရှိ ပေါ်လံကြီးတောင်ပေါ်စခန်းနှင့် အနီးပတ်ဝန်းကျင် ကျေးလက်များနေ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် သွားလာရေး အဆင်ပြေချောမွေ့စေရန် ပေါက်ခေါင်းမြို့ ကားလေးအမြန်ယာဉ်စခန်းမှ ဒိုင်နာကားလေးများ ပြေးဆွဲပေးပါရန် တင်ပြအပ်ပါသည်။

ပေါ်လံကြီးရွာသား

သက်တမ်းရင့်အပင်အို ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

မွန်ပြည်နယ် ဘီးလင်းမြို့ ဆရာစံရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ သက်တမ်းရင့် ကုက္ကိုပင်ကြီးမှာ လွန်စွာမြင့်မားနေပြီး လေပြင်းတိုက်ခဲ့လျှင်သော်လည်းကောင်း၊ မိုးအဆက်မပြတ် ရွာသွန်းလျှင်သော်လည်းကောင်း ကျိုးကျလဲပြိုမည့် အန္တရာယ်ရှိနိုင်ပါ၍ သက်ဆိုင်ရာမှ အမြန်ရှင်းလင်းပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဘီးလင်းသား

ရပ်ကွက်အတွင်းမှ သားသတ်လုပ်ငန်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် စောင်တန်းကျေးရွာအုပ်စုရှိ အိမ်တစ်အိမ်တွင် စီးပွားဖြစ်ဝက်ပေါ်မှုကြောင့် ထွက်ပေါ်လာသော ဝက်အော်သံများနှင့် စွန့်ပစ်သော အညစ်အကြေးများမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ အနှောင့်အယှက်ဖြစ်ပြီး ကျန်းမာရေး ထိခိုက်ရပါ၍ ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

စောင်တန်းသား

အညော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ရခိုင်ပြည်နယ် သံတွဲမြို့(၁၃)ရပ်ကွက် အုန်းဆံကြိုးစက်လမ်းထိပ်တွင် ကြက်စာအစိုများကို မီးသွေးမီးဖြင့် အခြောက်ခံသော အလုပ်ရုံမှ ထွက်ရှိလာသည့် အညော်နံ့များကြောင့် ပတ်ဝန်းကျင်မှပြည်သူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အညော်နံ့မခံနိုင်သူများ

ဝက်ခြံမှအနံ့ဆိုး ကျန်းမာရေးထိခိုက်နေရ

စာတည်းရှင့်-

မြောင်းမြမြို့ အမှတ်(၈)ရပ်ကွက် နတ်စင်လမ်း နတ်စင်ကြီးအနီးရှိအိမ်တွင် မွေးမြူထားသည့် ဝက်ခြံမှအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးများမခံနိုင်သူ

ရပ်ကွက်အတွင်းမှ ကားဘော်ဒီရုံ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ၁၆ အပိုင်း(၁)ရပ်ကွက်ရှိ ဇောတိကလမ်းမကြီးနှင့် ဇဋိလ (၂၊ ၃၊ ၄) အထက်လမ်းသွယ်များဖြင့် ဆက်သွယ်ထားသော သုမန ၃ လမ်း၏ နောက်ဖေးလမ်းမမှာ ယခင်က ပေ၄၀ခန့်ကျယ်ဝန်းပြီး ယခုအခါ ကားဘော်ဒီရုံတစ်ခုသည် အမိုးအကာ အခိုင်အမာဖြင့် အဆိုပါလမ်းမပေါ်တွင် ပေ ၃၀ နေရာယူကာ လေလံကားအဟောင်းများကို ကားဘော်ဒီများ ပြုပြင်လျက်ရှိရာ ဘော်ဒီထုသံနှင့် မှုတ်ဆေးနံ့များကြောင့် ကျန်းမာရေးထိခိုက်ရပါ၍ အဆိုပါဘော်ဒီရုံကို ရပ်ကွက်အတွင်းမှ သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူ

သောက်သုံးရေ ပုံမှန်ရရှိရေး စီစဉ်ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၁)တိုးချဲ့ရပ်ကွက်မှ သီဟသူလမ်း လမ်းသူလမ်းသားများသည် မြသီတာအိမ်ရာစီမံကိန်းမှ ဂျိုးဖြူ/ငမိုးရိပ် သောက်သုံးရေသန့်ကို ရေမီတာခွန်ခပေးဆောင်ပြီး သုံးစွဲခဲ့ရာ ၂၀၀၉ခုနှစ် မတ်လမှ ယနေ့တိုင် သောက်သုံးရေသန့်လွှတ်ခြင်းမရှိတော့ပါသဖြင့် ရေအခက်အခဲများနှင့် တွေ့ကြုံနေရပါသောကြောင့် သောက်သုံးရေသန့် ပုံမှန်ရရှိရေးအတွက် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

အရက်ပုန်းဆိုင်ကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

ပုသိမ်မြို့ မင်းကြီးလမ်း ဆေးရုံကြီးရှေ့ ဈေးဆိုင်ခန်းများမှ ဆိုင်တစ်ဆိုင်သည် လူအများသွားလာရာ လမ်းဘေးမြေကွက်ပေါ်တွင် ကျူးကျော်ဆိုင်ခင်း၍ အစားအစာနှင့်အတူ အရက်ပုန်းပါ ရောင်းချနေပါသဖြင့် အရက်သောက်သူများ၏ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ လွန်စွာစိတ်အနှောင့်အယှက်ဖြစ်လျက်ရှိရာ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူ

ကျူးကျော်လက်ဖက်ရည်ဆိုင် အော်ဟစ်ဆူညံမှု

စာတည်းခင်ဗျား-

သာကေတမြို့နယ် ဇင်္ဂမလမ်းနှင့် (၁)ရပ်ကွက် အနော်မာလမ်းထောင့်ရှိ ငါးထပ်အဆောက်အအုံဘေးတွင် စည်ပင်မြောင်းကို ကျူးကျော်၍ ခုံများခင်းကျင်းကာ လက်ဖက်ရည်ဆိုင်ဖွင့်ထားပြီး ယင်းလက်ဖက်ရည်ဆိုင်မှ ဘောလုံးပွဲလာချိန်တွင် အော်ဟစ်ဆူညံနေပါသဖြင့် ပတ်ဝန်းကျင်ပြည်သူများ အနှောင့်အယှက်ဖြစ်ရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ အဆိုပါဆိုင်အား ဖယ်ရှားဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

မီးခိုးငွေ့ကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

၂၄-၈-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မတ္တရာမြို့ အမှတ် ၂ နယ်မြေ ဗိုလ်တေဇရပ်ကွက်အတွင်းရှိ ပုဂ္ဂလိကနို့ဆီချက်စက်ရုံ ၁၅ ရုံမှ မီးခိုးငွေ့ကြောင့် ကျန်းမာရေးထိခိုက်နေရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မီးလောင်လွယ် လောင်စာဆီသိုလှောင်မှု ဆောင်ရွက်ပြီး

၃၁-၈-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရမည်းသင်းမြို့ ဝါတိုးဈေးကုန်းရပ်ကွက် တောင်ငူတန်းလမ်းတွင် မီးလောင်လွယ်စေသည့် လောင်စာဆီများကို သိုလှောင်ရောင်းချ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကြို့ပင်ကောက် မြို့လယ်ချောင်းမှသည် ကိုင်းယားရှည်ကျေးရွာဆီ ကျေးလက်ခရီး

သတင်းမှတ်စု - လှဝင်း (ကြို့ပင်ကောက်)၊ ဓာတ်ပုံ မှတ်တမ်း - သတင်းထောက်အေးရွှေ စာမျက်နှာဖွဲ့စည်းမှု - မေသန်း

ရန်ကုန် စက်တင်ဘာ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

အရေးပါ

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် စီးပွားရေး အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင်လည်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

မြို့လယ်ချောင်း - ကိုင်းယားရှည် ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း အပိုင်း(၂)အတွက် ဂဝံများစုဆောင်းထားရှိသည်။

ပြည်ထောင်စုတစ်ဝန်း ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုလွယ်ကူစေရန်အတွက် မော်တော်ကားလမ်း၊ ရထားလမ်း၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများနှင့် ပြည်ထောင်စုလမ်းမကြီးများ အပါအဝင် လမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးခဲ့ရာ ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့လယ်ချောင်းကျေးရွာမှ ကိုင်းယားရှည်ကျေးရွာအထိ ကျေးလက်ဂဝံလမ်းအပိုင်း(၁) ဖွင့်ပွဲအခမ်းအနားကို ယခုနှစ် ဖေဖော်ဝါရီ ၇ ရက်က မြို့လယ်ချောင်းကျေးရွာ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပနိုင်ခဲ့သည်။

ယင်းကျေးလက်ဂဝံလမ်းမှာ အရှည် ၅၈၆၃ပေနှင့် လမ်းအကျယ် ၁၀ပေ၊ အမြင့်၇လက်မရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်၁၀၄သိန်းကျော် ကျခံကုန်ကျခဲ့သည့် ကျေးရွာချင်းဆက် ကျေးလက်လမ်း ဖြစ်သည်။

ခရိုင်ချင်းဆက်

အလားတူ ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း သခွတ်ပင်ကျေးရွာမှ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)အထိ မြေသားလမ်းအရှည် ပေ၃၃၀၀၊ အကျယ် ၁၈ပေနှင့် အမြင့်၃ပေကို ငွေကျပ်၅၆သိန်းဖြင့်လည်းကောင်း၊ ရုံးချောင်းကျေးရွာမှ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)အထိ မြေသားလမ်းအရှည်ပေ၂၆၄၀၊ အကျယ် ၁၈ပေနှင့်အမြင့် ၃ပေကို ငွေကျပ် ၄၄သိန်းဖြင့် လည်းကောင်း အကုန်အကျခံ အကောင်အထည်ဖော်ခဲ့ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်က ရှင်းပြသည်။

ရှင်းလင်း

၎င်းနောက် မြို့လယ်ချောင်းကျေးရွာမှ ကိုင်းယားရှည်ကျေးရွာအထိ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ လုပ်ငန်း၏ သုံးပုံနှစ်ပုံသာပြီး၍ လာမည့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် ကျန်ရှိသောလမ်းပိုင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိ ဦးတင်မြင့်က ဖြည့်စွက်ရှင်းလင်းသည်။

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့လယ်ချောင်းကျေးရွာမှ ကိုင်းယားရှည်ကျေးရွာအထိ ကျေးလက်ဂဝံလမ်းကို ယခုနှစ် ဖေဖော်ဝါရီ ၇ရက်က ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

လူမှုစီးပွား

အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက မြို့ပြနှင့်ကျေးလက် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ကာ ကံကြီးအုပ်စု၊ လေ့တုန်းအုပ်စု၊ ကိုင်းယားရှည်အုပ်စု၊ အုန်းတောအုပ်စု၊ အုတ်တွင်းကုန်းအုပ်စု၊ တူးကံအုပ်စုနှင့် ကျွန်းနက်ကုန်းအုပ်စုရှိ ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ခရီးတိုတို နေ့ချင်းပေါက်သွားလာနိုင်ပြီး မိမိတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက် ဆောင်ရွက်နိုင်ခြင်း၊ ဒေသ၏ စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေသည့်အဆင့်မှ စီးပွားဖြစ် ထုတ်လုပ်နိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ ထို့ပြင် ဒေသခံပြည်သူများအကြား ဆက်ဆံရေးကောင်းမွန် တိုးပွားလာမှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး အပြန်အလှန်အကျိုးပြု၊ အပြန်အလှန်အမှီသဟဲပြုကာ ပြည်ထောင်စုတစ်ဝန်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် တင်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

မြို့လယ်ချောင်းကျေးရွာမှ ကိုင်းယားရှည်ကျေးရွာအထိ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက မြို့ပြနှင့်ကျေးလက် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ကာ ကံကြီးအုပ်စု၊ လေ့တုန်း အုပ်စု၊ ကိုင်းယားရှည်အုပ်စု၊ အုန်းတောအုပ်စု၊ အုတ်တွင်းကုန်း အုပ်စု၊ တူးကံအုပ်စုနှင့် ကျွန်းနက်ကုန်းအုပ်စုရှိ ကျေးရွာများမှ ဒေသခံပြည်သူများ အနေဖြင့် ခရီးတိုတို နေ့ချင်းပေါက်သွားလာနိုင်ကြပြီ။



စဉ့်ကူး၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်း

စဉ့်ကူး စက်တင်ဘာ ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန စဉ့်ကူးမြို့နယ် အခွန်ဦးစီးဌာန၏ အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို စက်တင်ဘာ ၁ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းခိုင်က အခွန်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် စားသောက်ဆိုင်ပိုင်ရှင်များ လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ပညာပေးရှင်းလင်းပြောကြားပြီး**(အပေါ်ပုံ)** ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဩဂုတ် ၃၀ ရက်က မုံကိုးမြို့မဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တာဝန်ခံ ဦးအောင်လွင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့အထောက်အကူပြု ဆုံစည်းရာရိပ်မွန်ဖွင့်

ချောက် စက်တင်ဘာ ၁၈

မကွေးတိုင်း ချောက်မြို့နယ် တွင်းလပ်ကျေးရွာအုပ်စု ဖြူကျေးရွာပြည်သူ့အထောက်အကူပြု ဆုံစည်းရာရိပ်မွန် (CSG) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက်၉ နာရီကကျင်းပရာ ပြည်သူ့အထောက်အကူပြုအဖွဲ့ ဆုံစည်းရာ(CSG) ရိပ်မွန်ဆိုင်းဘုတ်ကို ဗဟိုကျန်းမာရေး ပညာအရာရှိ ဒေါ်အိအိဆွေ၊ ကျေးလက်ကျန်းမာရေးမှူး ဒေါ်စိန်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ပညာသင်တန်း (၂/၂၀၀၉) အထက်မင်းလှ၌ဖွင့်

အထက်မင်းလှ စက်တင်ဘာ ၂၃

သရက်ခရိုင် အထက်မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အသင်းတို့ ပူးပေါင်းစီစဉ်သည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၂/၂၀၀၉) ဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီက မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အသင်း အတွင်းရေးမှူး ဦးလှစိုးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါလွင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊လစဉ်စာအုပ်စာစောင်တိုးပွားရေး၊ စာငှားစနစ်ကျင့်သုံးရေးနှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ခင်ဝါဝါလှိုင်က စာအုပ်စာစောင်များ ထိန်းသိမ်းနည်းတို့ကို ဆွေးနွေးကြသည်။ **(ယာပုံ)**

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပြီး သင်တန်းသား ၆၀ တက်ရောက်ခဲ့သည်။ (ခရိုင် ပြန်/ ဆက်)

စက်တင်ဘာ ၁၈ရက်က ပုသိမ်မြို့ အမှတ်(၂) အထက ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက စုပေါင်းလှူဒါန်းသော ငွေကျပ်လေးသိန်းကို ကျောင်းအုပ်ဆရာကြီး ဦးချစ်လွင်က မြို့မအကျိုးဆောင်အဖွဲ့သို့ ပေးအပ်စဉ်။ (၁၅၇)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။
✻ RFA, DVB - သွေးထိုးနေသည်။
✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✻ နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ပြောင်းဖူး စားသုံးခြင်းဖြင့် နှလုံးကျန်းမာရေးကောင်းမွန်နိုင်



ပြောင်းဖူးသည် ပူနွေးစွတ်စိုသော ရာသီဥတု၌ ဖြစ်ထွန်းသည်။ ချိုသောအရသာရှိသည့်အပြင် အနည်းငယ် ဖန်သောအရသာလည်းရှိသည်။ ပြောင်းဖူးစားသုံးခြင်းသည် နှလုံးကျန်းမာရေးကို အထောက်အကူပြုစေကြောင်း ကနေဒါ ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ပါဝင်

ပြောင်းဖူးတွင် ဗီတာမင်ဘီ-၁၊ ဗီတာမင်ဘီ-၅၊ ဗီတာမင်စီ၊ ဖော့စပရပ်စ်၊မဂ္ဂနီးစ်နှင့် အမျှင်ဓာတ်များ ပါဝင်သည်။ ထို့အပြင် အမိုင်နိုအက်စစ်လည်း ပါဝင်သကဲ့သို့ အသားဓာတ်လည်း ပါဝင်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

ရေဝတီအနောက်ဘက်ကမ်းကို အလှပန်းချီခြယ်မှုန်းနေသော ပခုက္ကူမြို့မြင်ကွင်း

ပခုက္ကူတက္ကသိုလ်အဆောက်အအုံကို ကျောင်းရှေ့မြင်ကွင်း၊ ပန်းအလှလမ်းတို့ဖြင့် ပန်းတင့်လျက် ဤသို့တွေ့ရသည်။ ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပခုက္ကူ စက်တင်ဘာ ၂၇

မြန်မာ့အလင်းသတင်းအဖွဲ့သည် ပခုက္ကူမြို့ ဖွံ့ဖြိုးရေး သတင်းဆောင်းပါးများရေးသားရန် ချောက်မြို့နယ်မှ ပခုက္ကူမြို့နယ်သို့ အနော်ရထာတံတားကြီးနှင့် ဆိပ်ဖြူမြို့နယ်ကိုဖြတ်ကာ ခရီးသည်တင်မော်တော်ယာဉ်ဖြင့် ခရီးဆက်ခဲ့ကြသည်။

ခရီးဆက်

မွန်းလွဲ၂နာရီခန့် တန့်ကြည့်တောင်ပေါ်အရောက်တွင် သတင်းအဖွဲ့ စီးနင်းလာသောယာဉ် စက်ချွတ်ယွင်းသဖြင့် အခြားခရီးသည်တင်ယာဉ်တစ်စီးသို့ ပြောင်းစီးကာ ခရီးဆက်ခဲ့ကြရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

သတင်းခရီးသည်
ထိန်လင်း

ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
လဲ့လဲ့ဝင်း (မြန်မာ့အလင်း)